# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 12 March 2024 ၁၁၃၉၈


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှု ကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဘတ်ဂျက်များ စိစစ်သည့်အခါ လိုငွေနှင့် GDP အချိုးကို ကြည့်၍ ငွေကြေးဖောင်းပွမှုကို ထိန်းသိမ်းနိုင်ရေး ဘောင်သတ်မှတ်လျက် ခွဲဝေချမှတ်ပေးခြင်းဖြစ်

## မိမိတို့ရရှိသည့် ဘတ်ဂျက်များ အကျိုးရှိစွာအသုံးပြုနိုင်ရန် အခက်အခဲများ၊ စိန်ခေါ်မှုများ မည်မျှပင်ရှိစေ ရင်ဆိုင်ကျော်လွှား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၁၁**

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

**ယနေ့ ဖတ်စရာ**


ဆင်းရဲနွံတွင်းက ရုန်းထွက်လုနီး ဘင်္ဂလားဒေ့ရှ်နမူနာ စီးပွားရေးမူဝါဒ — ဆောင်းပါး စာမျက်နှာ » ၆

ကျွန်းစုမြို့အနီး မြန်မာ့ပင်လယ်အတွင်း ရေဝင်နစ်မြုပ်နေသည့် ကင်းမွန်မီးထွန်းလှေတစ်စင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ် — စာမျက်နှာ » ၇

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ စနစ်သစ် ပထမနေ့တွင် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၈၀၀၁ ဦးရှိ — စာမျက်နှာ » ၈

တောင်သူလိုအင်ဖြည့်ဆည်းဖို့ သမဝါယမစနစ်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်စို့ — ဆောင်းပါး စာမျက်နှာ » ၁၈

မကွေးနှင့် ရေနံချောင်းမြို့တို့ရှိ ကြက်သွန်နီ အရောင်းအဝယ်ဖြစ်မှုအခြေအနေ — စာမျက်နှာ » ၂၀

ကြေးမုံ

# တိုင်းပြည်အကျိုးစီးပွားဖျက်ဆီးမှုများဖယ်ရှား

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ကျအဖွဲ့အစည်းများက ဥပဒေနှင့်အညီ နေ့စဉ်ထိရောက်စွာတိုက်ဖျက်လျက်ရှိရာ မတ်လ ၇ ရက်နေ့ တစ်ရက်တည်းတွင် တရားမဝင်စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များကိုပါ ဖမ်းဆီးရမိခဲ့သည့် သတင်းများကိုတွေ့ရသည်။

တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးဆောင်ရွက်ခဲ့ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့်ကုန်ပစ္စည်းများ၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာများအတွင်းမှ ပိုမိုတင်ဆောင်လာသည့် ပစ္စည်းများ၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့သို့သယ်ဆောင်လာသည့် ယာဉ်တစ်စီးပေါ်မှ အထောက်အထားမပြနိုင်သည့် ကုန်ပစ္စည်းများ၊ ကရင်ပြည်နယ် အိန္ဒူကျေးရွာအနီး၌ မြဝတီမှ မော်လမြိုင်မြို့သို့ ယာဉ်တစ်စီးဖြင့် သယ်ဆောင်လာသည့် အထောက်အထားမပြနိုင်သည့် ကုန်ပစ္စည်းများ၊ မြဝတီမြို့ရှိ ဂိုဒေါင်အချို့မှ အထောက်အထားမပြနိုင်သည့် မော်တော်ယာဉ်နှင့် ကုန်ပစ္စည်းများ၊ မင်္ဂလာဒုံမြို့ ပုလဲ(၁)ရပ်ကွက်ရှိ လုပ်ငန်းတစ်ခုနှင့် ရွာသာကြီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကုန်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ယခုရက်ပိုင်းတွင် နေ့စဉ်နေ့တိုင်းလိုလိုပင် နေရာဒေသအသီးသီး၌ တရားမဝင်ကုန်ပစ္စည်း အမြောက်အမြား ဖမ်းဆီးရမိသည့်သတင်းများ ကြားသိနေရသည်။ နိုင်ငံတော်၏ ကုန်သွယ်စီးပွားလုပ်ငန်းများနှင့် တရားဝင်ကုန်သွယ်စီးပွားလုပ်ငန်းများကို ထိခိုက်နစ်နာမှုဖြစ်စေသည့် တရားမဝင်ကုန်သွယ်လုပ်ငန်းများအား ယခုကဲ့သို့ ထိရောက်စွာတားဆီးနိုင်မှုများကို ကြိုဆိုရမည်ဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုများသည် နိုင်ငံတွင်ထုတ်ပြန်ထားသည့် ဥပဒေများကို ဖောက်ဖျက်ခြင်းဖြစ်ပြီး သက်ဆိုင်ရာက နေ့စဉ်ရှာဖွေစစ်ဆေး အရေးယူနေသည့်ကြားမှ ဝိသမလောဘသားများက ၎င်းတို့ကိုယ်ကျိုးစီးပွားအတွက် ဥပဒေဖောက်ဖျက် လုပ်ဆောင်နေကြခြင်းဖြစ်သည်။

နိုင်ငံတော်အနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် ဌာနဆိုင်ရာအဖွဲ့များဖြင့်လည်းကောင်း၊ နယ်စပ်ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများကို ထိရောက်စွာတိုက်ဖျက်လျက်ရှိသည်ကိုတွေ့ရသည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ထိရောက်စွာဆောင်ရွက်ရာတွင် သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါသည့်အချက်ဖြစ်သည်။ တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများအရ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း သတင်းရရှိမှု အကြိမ် ၁၀၀ ရှိခဲ့ပြီး သတင်းမှား ရှစ်ကြိမ်၊ နောက်ကျသတင်း ငါးကြိမ်နှင့် ဖမ်းဆီးရမိမှု ၈၇ ကြိမ် ရှိခဲ့သည်။ ဖမ်းဆီးရမိမှုအမှုတွဲ ၁၉၈ မှု ဖွင့်လှစ်ထားပြီး ဆက်လက်ဖမ်းဆီးရမိသည့်အမှုတွဲများလည်းရှိသည်။ သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများအား ဖမ်းဆီးရမိခဲ့သည့် တန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် ရရှိမည့်အခွန်အခများဆုံးရှုံးခြင်း၊ ကုန်သွယ်မှုဆိုင်ရာ စာရင်းဇယားကိန်းဂဏန်းအချက်အလက်များ မှားယွင်းနိုင်ပြီး စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များ မှားယွင်းသွားနိုင်ခြင်း၊ နိုင်ငံတော်၏ ဘဏ်စနစ်နှင့် ငွေကြေးစီးဆင်းမှုစနစ်ကို ထိခိုက်စေနိုင်ပြီး နိုင်ငံခြားငွေကြေးဈေးနှုန်း မတည်ငြိမ်မှုဖြစ်ပေါ်ခြင်း၊ တရားမဝင်တင်သွင်းလာသည့် ကုန်စည်ပစ္စည်းများကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ဈေးကွက်ယှဉ်ပြိုင်မှုကျဆင်းလာခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လျော့နည်းကျဆင်းစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးခြင်း၊ တရားမဝင်တင်သွင်းလာသည့် ဆေးနှင့်ဆေးပစ္စည်းများ၊ စားသောက်ကုန်နှင့်အလှကုန်ပစ္စည်းများတွင် အတုအပနှင့် သက်တမ်းလွန်ကုန်ပစ္စည်းများကြောင့် သုံးစွဲသူပြည်သူများ ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်ခြင်းစသည့် ဆိုးကျိုးများအပြင် နိုင်ငံတော်၏စီးပွားရေးတိုးတက်မှုအတွက် အဓိကကျသည့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများနှင့် ကုန်သွယ်စီးပွားတို့ကို ထိခိုက်ကျဆင်းစေနိုင်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားတိုးတက်မှု၊ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ အစဉ်ပြေချောမွေ့စွာလည်ပတ်နိုင်မှုနှင့် စားသုံးသူပြည်သူများဘေးအန္တရာယ်ကင်းရှင်းမှုတို့ကို ကြီးစွာထိခိုက်စေနိုင်သော တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်ကူညီမှုဖြင့် တိုက်ဖျက်ဖယ်ရှားကြရမည်ဖြစ်ပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## တရားမအထူးအယူခံမှု (၆)မှုကို စီရင်ချက်ချမှတ်ပြီး ရာဇဝတ်အထူးအယူခံမှု (၂)မှုနှင့် တရားမအထူးအယူခံမှု (၃)မှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂၆/၂၀၂၂ (မန္တလေး)၊ ၁၅/၂၀၂၃ (မကွေး)၊ ၂၂/၂၀၂၃ (ကချင်)၊ ၃၁/၂၀၂၃ (ပဲခူး)၊ ၃၅/၂၀၂၃ (ရန်ကုန်) နှင့် ၄၂/၂၀၂၃ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု (၆)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၈/၂၀၂၃(မန္တလေး) နှင့် ၁၁/၂၀၂၃ (တနင်္သာရီ)၊ တရားမအထူးအယူခံမှုအမှတ် ၃၂/၂၀၂၃ (ကရင်)၊ ၄၄/၂၀၂၃ (ရှမ်း)နှင့် ၁/၂၀၂၄ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၂)မှုနှင့် တရားမအထူးအယူခံမှု (၃)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လျှပ်စစ်သုံး မော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် မတ် ၁၁

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG၊ MG4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁- ၃ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၃၀၀ | ၃၀၄ | ၂,၅၂၃,၂၀၀ |
| MTSH | ၂,၉၀၀ | ၂,၈၅၀ | ၁,၀၈၈ | ၃,၁၂၈,၂၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၇ | ၅၃,၉၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၁၄၁ | ၂၀၈,၅၀၀ |
| TMH | ၂,၄၅၀ | ၂,၅၀၀ | ၁၁၀ | ၂၇၀,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၆၀ | ၁၀၂,၀၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၂၁ | ၉၈,၇၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၃၂ | ၅၆,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

| | | | | |
|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**မိမိတို့ တာဝန်ယူဆောင်ရွက်နေစဉ်ကာလအတွင်း ရငွေပိုင်းနှင့် သုံးငွေပိုင်းများတွင် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအပေါ် ဘက်ပေါင်းစုံမှ နှောင့်ယှက်ဖျက်ဆီးမှုစသည့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ကြုံတွေ့ခဲ့ရသော်လည်း ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အစိုးရအဖွဲ့များအားလုံးက ယင်းအခက်အခဲများကို မဆုတ်မနစ်သော ဖွဲ့လုံ့လများဖြင့် ရင်ဆိုင်ကျော်လွှားကာ ချမှတ်ပေးထားသည့် စီးပွားရေးရည်မှန်းချက်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့**

❖ ရှေ့ဖုံးမှ

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီတို့က နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အဆင့်ဆင့် စိစစ်ထားပြီးဖြစ်သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို နောက်ဆုံးအဆင့်အဖြစ် စိစစ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျဆင်းခဲ့ရသည့် နိုင်ငံ့စီးပွားရေးကို ကုစားနိုင်ရန်နှင့် နိုင်ငံ့စီးပွား ပြန်လည်ဖွံ့ဖြိုးတိုးတက်မြင့်တင်နိုင်ရန်အတွက် နိုင်ငံတော်၏ ရငွေများ၊ သုံးငွေများကို ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုနည်းလမ်းများနှင့်အညီ စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ပေးလျက်ရှိကြောင်း။

**ဥပဒေနှင့်အညီ ဆောင်ရွက်**

ထိုသို့ စီမံဆောင်ရွက်ရာတွင် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးနှစ်အလိုက် ရရှိမည့်ရငွေများကို အပြည့်အဝရရှိစေရန် ကြိုးပမ်းခြင်း၊ သုံးငွေများကို စနစ်တကျ ခွဲဝေသုံးစွဲခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အမျိုးသားစီမံကိန်းဥပဒေ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေတို့နှင့် အညီ ဆောင်ရွက်စေလျက်ရှိကြောင်း။

မိမိတို့ တာဝန်ယူဆောင်ရွက်နေစဉ်ကာလအတွင်း ရငွေပိုင်းနှင့် သုံးငွေပိုင်းများတွင် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအပေါ် ဘက်ပေါင်းစုံမှ နှောင့်ယှက်ဖျက်ဆီးမှုစသည့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ကြုံတွေ့ခဲ့ရသော်လည်း ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အစိုးရအဖွဲ့များအားလုံးက ယင်းအခက်အခဲများကို မဆုတ်မနစ်သော ဖွဲ့လုံ့လများဖြင့် ရင်ဆိုင်ကျော်လွှားကာ ချမှတ်ပေးထားသည့် စီးပွားရေးရည်မှန်းချက်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း၊ ယင်းအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် မှတ်တမ်းတင် အသိအမှတ်ပြုပါကြောင်း။

ထို့ပြင် စိန်ခေါ်မှုများကြောင့် အချို့ဝန်ကြီးဌာနများက ရရှိလာသည့် ဘဏ္ဍာငွေများကို အပြည့်အဝမသုံးစွဲနိုင်သည့် ကိစ္စရပ်များရှိသဖြင့် ပြန်လည်အပ်နှံရသည်များလည်းရှိပါကြောင်း၊ ယင်းသည် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုအပိုင်းနှင့် ကုန်ထုတ်လုပ်မှုအပိုင်းတို့တွင် နစ်နာမှုရှိသည့်အပြင် GDP လျော့ကျစေမှုကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများအနေဖြင့် ရရှိသည့် ဘတ်ဂျက်ကို အကျိုးရှိ ထိရောက်အောင် သုံးစွဲကြရန်လိုကြောင်း၊ ဘတ်ဂျက်များ စိစစ်သည့်အခါ လိုငွေနှင့် GDP အချိုးကို ကြည့်၍ ငွေကြေးဖောင်းပွမှုကို ထိန်းသိမ်းနိုင်ရေး ဘောင်သတ်မှတ်လျက် ခွဲဝေချမှတ်ပေးခြင်းဖြစ်ကြောင်း၊ ရသင့်ရထိုက်သည့် ရငွေကို အကောင်အထည်ဖော်ရာတွင် အခက်အခဲများနှင့် စိန်ခေါ်မှုများလည်း ရှိမည်ဖြစ်ပါကြောင်း၊ အဆိုပါ အခက်အခဲများနှင့် စိန်ခေါ်မှုများကို မည်သို့ကျော်လွှားမည်၊ ကိုယ်ရရှိသည့် ဘတ်ဂျက်ဖြင့် မည်သို့ ကုန်အောင်သုံးမည်၊ ပေးထားသည့် ဘတ်ဂျက်ကို ထိထိရောက်ရောက် ကုန်အောင်သုံးနိုင်မှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဘက်ဘက်က အထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်မှသာ ပြည်တွင်း/ပြည်ပ တင်ပို့သုံးစွဲနိုင်မှုမှတစ်ဆင့် နိုင်ငံတော် GDP လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ရရှိသည့် ဘတ်ဂျက်များ အကျိုးရှိစွာ အသုံးပြုနိုင်ရန် အခက်အခဲများ၊ စိန်ခေါ်မှုများ မည်မျှပင်ရှိစေ ရင်ဆိုင်ကျော်လွှားကြရန် ပြောကြားလိုကြောင်း။

**ပေးထားသည့် ဘတ်ဂျက်ကို ထိထိရောက်ရောက် ကုန်အောင်သုံးနိုင်မှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဘက်ဘက်က အထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်မှသာ ပြည်တွင်း/ပြည်ပ တင်ပို့သုံးစွဲနိုင်မှုမှတစ်ဆင့် နိုင်ငံတော် GDP လည်း တိုးတက်လာမည်**

**ပြန်လည်ထည့်သွင်းသုံးစွဲစေခဲ့**

အချို့ဝန်ကြီးဌာနများမှ ပြန်အပ်ငွေများအတွက်လည်း အကျိုးမဲ့ မဖြစ်သွားစေရန်အတွက် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍများတွင် ပြန်လည်ထည့်သွင်းပြီး သုံးစွဲစေခဲ့သည်ကို သိရှိစေလိုပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဘတ်ဂျက်လိုငွေ များစွာဖြစ်ပေါ်ပါက နိုင်ငံတော်၏ ကြွေးမြီမြင့်တက်လာနိုင်သောကြောင့် ကြွေးမြီခံနိုင်ရည်ရှိမှုနှင့် ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် ဘတ်ဂျက်လိုငွေကို ရှိသင့်ရှိထိုက်သည့် အတိုင်းအတာအတွင်းသာ ထားရှိရမည်ဖြစ်ကြောင်း။

စာရင်းဇယားများအရ ကြည့်မည်ဆိုပါက ပြည်ထောင်စုအဆင့် စိစစ်ရာတွင် မူလအခြေအနေတွင် လိုငွေနှင့် GDP အချိုးသည် ၈ ဒသမ ၈၆ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ မူဘောင်နှင့် လုပ်ငန်းဆောင်ရွက်နိုင်မှု၊ အကျိုးဖြစ်ထွန်းမှုအပေါ် အဆင့်ဆင့် စိစစ်ပြီး နောက်ဆုံးအနေအထားအဖြစ် ပြန်လည်စိစစ်သည့်အခါ ၂၀၂၄-၂၀၂၅ ၏ လိုငွေနှင့် GDP အချိုးသည် ၅ ဒသမ ၆၇ ရာခိုင်နှုန်းရှိသဖြင့် ပျမ်းမျှ ၅ ရာခိုင်နှုန်း ကျော်လွန်နေသည်ကို တွေ့ရပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၃ - ၂၀၂၄ လိုငွေနှင့် GDP အချိုးသည် ၅ ဒသမ ၆၅ ရာခိုင်နှုန်းဖြစ်ပြီး ယခု ၂၀၂၄-၂၀၂၅ တွင် လိုငွေနှင့် GDP အချိုးသည် သုည ဒသမ ၀၂ ရာခိုင်နှုန်း တွေ့ရပါကြောင်း၊ ယင်းသို့ ကွာခြားမှုများကို စိစစ်ရာတွင် တွေ့ရှိရသည့် အကြောင်းရင်းများမှာ နိုင်ငံခြားငွေနှင့် မြန်မာငွေ လဲလှယ်နှုန်း ကွာဟချက်များ၊ ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်ဆံဖျားစရိတ်၊ သင်တန်းသား ထောက်ပံ့စရိတ်၊ ပြည်သူ့စစ်မှုထမ်းဥပဒေအရ သုံးစွဲရမည့် စရိတ်၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျာထားမှုများကြောင့် ၂၀၂၃-၂၀၂၄ ထက် သုည ဒသမ ၀၂ ရာခိုင်နှုန်း တိုးလာရခြင်းဖြစ်သည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတော်၏ ဝင်ငွေအများဆုံးရှာပေးနိုင်သည့် ဝန်ကြီးဌာနများအနေဖြင့် မိမိဌာနမှ ပေးအပ်ထားသည့် မူလရည်မှန်းချက်များကို အပြည့်အဝရရှိအောင်နှင့် ကျော်လွန်အောင် ကြိုးစားဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အလားတူ လူမှုရေးအသုံးစရိတ်၊ ဌာနများအလိုက် သုံးစွဲရသည့် အသုံးစရိတ်များကို သုံးစွဲရာတွင် မလိုအပ်ဘဲ များပြားစွာ လေလွင့်ဆုံးရှုံးမှုများမရှိအောင် သုံးစွဲပေးနိုင်ရန်လိုကြောင်း၊ ဝင်ငွေရှာပေးနိုင်သည့် ဝန်ကြီးဌာနများကလည်း မိမိတို့၏ ဝန်ကြီးဌာနများအလိုက် သတ်မှတ်ပေးထားသည့် လျာထားဘတ်ဂျက်၊ ရည်မှန်းချက်ပြည့်ဝအောင် မည်သို့ပင် အခက်အခဲနှင့် စိန်ခေါ်မှုများရှိပါစေ ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေစာရင်းများကို ကြိုတင်စိစစ်ရေးကော်မတီက စစ်ဆေးဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများမှ ရေးဆွဲတင်ပြလာသော ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အရအသုံး ခန့်မှန်းခြေငွေစာရင်းများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ စိစစ်ပြီးဖြစ်သော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ရငွေ၊ သုံးငွေစာရင်းများနှင့် စပ်လျဉ်း၍ စာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာအဖွဲ့အစည်းနှင့် ဌာနများ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများကို ရှင်းလင်းတင်ပြကြရာ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အတွင်းရေးမှူးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးချမ်းအေး ကူဝိတ်နိုင်ငံ အကြီးအကဲထံ ၎င်း၏ခန့်အပ်လွှာပေးအပ်



နေပြည်တော် မတ် ၁၂

ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးချမ်းအေးသည် ၎င်း၏ခန့်အပ်လွှာကို မတ် ၁၀ ရက်က ကူဝိတ်နိုင်ငံ ဘာရန်းနန်းတော်၌ ကူဝိတ်နိုင်ငံ ဘုရင် ရှိတ် မီရှာ အယ်လ်-အာမက် အယ်လ်-ဂျာဘား အယ်လ်-ဆာဘား ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် မတ် ၁၁

၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များအဖြစ် အမျိုးသားအသက်(၁၂)နှစ်အထက် ဝူရှူး(ထောက်လု)နန်းချွမ်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး အသက်(၂၅)နှစ်အောက် ဝူရှူး(ဆန်းဆို)ပြိုင်ပွဲနှင့် အမျိုးသမီး အသက်(၁၂)အောက် ဝူရှူး(ထောက်လု) ကျန့်စုပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးရဲတင့်က အတွဲတိုက် အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးထင်ကျော်သူက အတွဲတိုက်အမျိုးသားပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ရွှေ ၁၇ ခု၊ ငွေ ငါးခု၊ ကြေး ၁၁ ခုဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အမျိုးသား အသက်(၁၂)နှစ်အထက် ဝူရှူး(ထောက်လု) နန်းချွမ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမျိုးသမီး အသက်(၁၂)နှစ်အောက် ဝူရှူး (ထောက်လု) ကျန့်စုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အသက်(၂၅)နှစ်အောက် ဝူရှူး(ဆန်းဆို) အမျိုးသား ၆၀ ကီလိုတန်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အသက်(၂၅)နှစ်အောက် ဝူရှူး(ဆန်းဆို) အမျိုးသား ၇၀ ကီလိုတန်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က အသက် (၂၅)နှစ်အောက် ဝူရှူး(ဆန်းဆို) အမျိုးသား (၇၅)ကီလိုတန်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အသက်(၂၅)နှစ်အောက် ဝူရှူး(ဆန်းဆို) အမျိုးသမီး (၄၅)ကီလိုတန်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က အသက်(၂၅)နှစ်အောက် ဝူရှူး(ဆန်းဆို) အမျိုးသား (၄၈)ကီလိုတန်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက အမျိုးသား/အမျိုးသမီး ဝူရှူး(ဆန်းဆို) ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိကြသူများကို လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က အမျိုးသား/အမျိုးသမီး ဝူရှူး(ထောက်လု) ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိကြသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဝူရှူး(ဆန်းဆို) အမျိုးသမီးပြိုင်ပွဲတွင် ရွှေ နှစ်ခု၊ ကြေး နှစ်ခုဖြင့် တံခွန်စိုက်ဆုဖလားရရှိသည့် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ဝူရှူး(ဆန်းဆို) အမျိုးသားပြိုင်ပွဲတွင် ရွှေ သုံးခု၊ ကြေး တစ်ခုဖြင့် တံခွန်စိုက်ဆုဖလားရရှိသည့် ကရင်ပြည်နယ်အသင်းကို လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက ဝူရှူး (ထောက်လု) အမျိုးသမီးပြိုင်ပွဲတွင် ရွှေ ကိုးခု၊ ငွေ တစ်ခု၊ ကြေး သုံးခုဖြင့် တံခွန်စိုက်ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ဝူရှူး(ထောက်လု) အမျိုးသားပြိုင်ပွဲတွင် ရွှေ ခုနစ်ခု၊ ငွေ ခြောက်ခု၊ ကြေး သုံးခုဖြင့် တံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို လည်းကောင်း တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက ရွှေ ၁၇ ခု၊ ငွေ ငါးခု၊ ကြေး ၁၁ ခုဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်သည်။

၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲကို မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အမျိုးသားအသင်း ၁၄ သင်းနှင့် အမျိုးသမီးအသင်း ၁၄ သင်းဖြင့် မတ် ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အသိပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် မတ် ၁၁

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အသိပညာမျှဝေခြင်း အစီအစဉ်အရ "ကောင်းမွန်သောအုပ်ချုပ်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို လူ့အခွင့်အရေးရှုထောင့်မှ သုံးသပ်ခြင်း – THE CHALLENGES OF REFORMS FOR GOOD GOVERNANCE FROM THE HUMAN RIGHTS POINT OF VIEW"ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး Conference Room ၌ ကျင်းပသည်။



ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အသိပညာမျှဝေခြင်းအစီအစဉ် ပြုလုပ်ခြင်းသည် အဖွဲ့အစည်း၊ ဌာန၊ လုပ်ငန်းအသီးသီး၏ အောင်မြင်မှု တိုးတက်ဖြစ်ပေါ်မှုများအတွက် အဓိကကျသော မောင်းနှင်အားတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၅)ရပ် နှင့် ဦးတည်ချက်(၉)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အစိုးရဌာနအသီးသီးမှ ဝန်ထမ်းများသာမက လူမှုလူတန်းစားအသီးသီးကလည်း ကျရာအခန်းကဏ္ဍမှ လိုက်လျောညီထွေ ပံ့ပိုးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အသိပညာမျှဝေခြင်း ပြုလုပ်ခြင်းသည် လုပ်ငန်းအသီးသီး၏ လုပ်ငန်းစွမ်းဆောင်မှုများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ပိုမိုဆန်းသစ်ဆောင်ရွက်နိုင်ရန်၊ ပိုမိုချောမွေ့ အောင်မြင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းက "ကောင်းမွန်သောအုပ်ချုပ်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို လူ့အခွင့်အရေးရှုထောင့်မှ သုံးသပ်ခြင်း – THE CHALLENGES OF REFORMS FOR GOOD GOVERNANCE FROM THE HUMAN RIGHTS POINT OF VIEW" ခေါင်းစဉ်ဖြင့် ပြုပြင်ပြောင်းလဲမှုများ၊ ပြုပြင်ပြောင်းလဲမှုဆိုင်ရာတွင် ပါဝင်မှုများ၊ ခေါင်းဆောင်မှု၏ လက္ခဏာများ၊ ကောင်းမွန်သော အုပ်ချုပ်မှု၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ စသည်တို့ကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် အရာထမ်း/အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းကြသည်။

ဟောပြောပွဲသို့ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ အရာထမ်း/အမှုထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# သမဝါယမအသင်းသားပြည်သူများသို့ ဆန်နှင့် ပခုက္ကူဒေသထွက် မြေပဲဆီသန့်များ ဖြန့်ဖြူးရောင်းချ

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမ အရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ် လုပ်ငန်းများ လည်ပတ်နိုင်စေရန်နှင့် စားသုံးသူအသင်းသားပြည်သူများ အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းချက်အရ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းက ပေါ်ဆန်း ၂၄ ပြည်ပါ ဆန်အိတ် ၃၂၈ အိတ်(တန်ဖိုးငွေကျပ် ၃၈၈ ဒသမ ၆၈ သိန်း)နှင့် ပခုက္ကူဒေသထွက် မြေပဲဆီသန့် ၁၂၅ ပိဿာ(တန်ဖိုးငွေကျပ် ၁၈ ဒသမ ၇၅ သိန်း)စုစုပေါင်း ငွေကျပ် ၄၀၇ ဒသမ ၄၃ သိန်းအား ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သမဝါယမ အသင်းသားများနှင့် ပြည်သူများသို့ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်) များ လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ် (၁/၂၀၂၄) သရုပ်ပြတရားခွင်(MOCK TRIAL)ကျင်းပ

နေပြည်တော် မတ် ၁၁

ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်) များ လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ် (၁/၂၀၂၄) မှ သင်တန်းသား ၆၀ ကို တရားစွဲနှင့်အမှုလိုက်ဦးစီးဌာနနှင့် ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာနတို့ ပူးပေါင်းပြီး တရားခွင်လက်တွေ့သရုပ်ပြသခြင်း(MOCK TRIAL)ကို ယနေ့နံနက် ၉ နာရီခွဲတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**လက်တွေ့သင်ကြားပို့ချ**

သရုပ်ပြတရားခွင်တွင် ဥပဒေရေးရာဝန်ကြီးဌာနမှ အတွေ့အကြုံ ရင့်ကျက်ပြီးဖြစ်သည့် အဆင့်မြင့် ဥပဒေအရာရှိကြီးများက ပြစ်မှုတစ်ရပ် ကျူးလွန်ခြင်းမှစ၍ တရားခွင်တွင် အမှုစစ်ဆေးခြင်းအဆင့်ဆင့်ကို သရုပ်ပြသပြီး သင်တန်းသားများကို လက်တွေ့သင်ကြားပို့ချခဲ့ကြသည်။ သင်တန်းသားများကိုယ်တိုင် လေ့ကျင့်ဆောင်ရွက်သော သရုပ်ပြတရားခွင် (MOCK TRIAL) လေ့ကျင့်ပြိုင်ပွဲများလည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သရုပ်ပြတရားခွင်သို့ ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ လေ့ကျင့်သင်ကြားရေးဌာနခွဲမှ တာဝန်ရှိသူများ၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနမှ သင်တန်းဆရာ ဆရာမများ၊ သရုပ်ပြတရားခွင်တွင် ပါဝင်သရုပ်ဆောင်ကြသည့် အရာထမ်း/အမှုထမ်းများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး၌ သီးထပ်စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်နိုင်ရေးနှင့် သီးနှံစိုက်ရေိယာများ စိုက်ပျိုးရေဖူလုံစွာအသုံးပြုနိုင်ရေး စီမံဆောင်ရွက်

နေပြည်တော် မတ် ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ယမန်နေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် တမာပင်ကျေးရွာအနီး မကျီးရိုးရေလွှဲဆည်လက်ဝဲမြောင်း ရေသောက်စနစ်၊ တောင်သူများ စီးပွားဖြစ်စိုက်ပျိုးထားသော သခွားမွှေးစိုက်ခင်းနှင့် တမာပင်ကျေးရွာရှိ ပုဂ္ဂလိကဥစားကြက်မွေးမြူရေးခြံတို့ကို ကြည့်ရှုအားပေးပြီး ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေး မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် အကြံပြုဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြစ်သားမြို့နယ် ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြစ်သားမြို့နယ်အတွင်း စိုက်ပျိုးရေပေးဝေနိုင်ရေး၊ သက်တမ်းတိုစပါးမျိုး စိုက်ပျိုးနိုင်ရေး၊ နွေနှမ်းသီးနှံ အချိန်မီတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ သီးနှံများစတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းချိန်အထိ စက်ကိရိယာများသုံးစွဲနိုင်ရေး ဆွေးနွေးမှာကြားသည်။

**ဆွေးနွေးပြောကြား**

ယင်းနောက် ဒုတိယဝန်ကြီးသည် စဉ့်ကိုင်မြို့နယ် ဆောက်အင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်း၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ဆီထွက်သီးနှံ နွေနှမ်းတိုးချဲ့စိုက်နိုင်ရေး၊ ရေသောက်ဧရိယာအားလုံး တစ်နှစ် သုံးသီးစိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သီးထပ်စွမ်းအားတိုးမြှင့်နိုင်ရေး စံပြဇုန်တစ်ခုဖြစ်လာရန် ဒေသခံတောင်သူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပြောကြားပြီး နွေနှမ်းသီးနှံ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး ထွန်ယက်မြေပြင်နေမှုနှင့် တောင်သူဦးကျော်နိုင်ဦး၏ နွေစပါးရောတိုး ခြောက်ဧကစမ်းသပ်ကွက်ကို ကြည့်ရှုအားပေးသည်။



**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး မကွေးတိုင်းဒေသကြီးအတွင်း နှမ်းရိုးအခြေခံသဘာဝမြေဩဇာ ထုတ်လုပ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မတ် ၁၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ချောင်းကောက်ကျေးရွာသို့သွားရောက်ပြီး နှမ်းရိုးအခြေခံသဘာဝမြေဩဇာ ထုတ်လုပ်နေသော အောင်ကောင်းမြတ်လယ်ယာကုန်ထုတ်နှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသားတောင်သူများ၊ မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ တာဝန်ရှိသူများ၊ မကွေး၊ အောင်လံ၊ ဆင်ပေါင်ဝဲနှင့် တောင်တွင်းကြီး မြို့နယ်သမဝါယမအသင်းစုများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မကွေးတိုင်းဒေသကြီးအတွင်း နှမ်းစိုက်ဧက ၁၀ သိန်းကျော်မှ ထွက်ရှိလာသော နှမ်းရိုးများကို အခြေခံ၍ သဘာဝမြေဩဇာများ ထုတ်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် မြို့နယ်အလိုက် သမဝါယမအသင်းများက ဦးဆောင်၍ တောင်သူလယ်သမားများအား ပညာပေးစည်းရုံးကာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တောင်သူတိုင်းတွင် နှမ်းရိုးနှင့် နွားချေးများ ရှိထားပြီး ဖြစ်ရာ EM ဖျော်ရည်များ အသုံးပြုလျက် သဘာဝမြေဩဇာများကို ကိုယ်တိုင်ပြုလုပ် သုံးစွဲနိုင်သည်အထိ ကွင်းဆင်းပြသဆောင်ရွက်ပေးရေးမှာကြားပြီး တောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ဒုတိယဝန်ကြီးသည် အောင်ကောင်းမြတ် လယ်ယာကုန်ထုတ်နှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း၏ နှမ်းရိုးအခြေခံသဘာဝမြေဩဇာ Mobile ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် စုဆောင်းထားသော နှမ်းရိုးနှင့် နွားချေးကုန်ကြမ်းများ၊ EM ဖျော်ရည်များ၊ ဖွဲနုကုန်ကြမ်းများ၊ လက်တွေ့ဆောင်ရွက်ထားသော မြေဩဇာကျင်းများကို လည်းကောင်း၊ အသင်းသားတောင်သူ ဦးသောင်းရွှေနှင့် ဦးကြည်အောင်တို့၏ လယ်မြေများ၌ နှမ်းရိုး၊ နွားချေး၊ ဖွဲနုဖွဲကြမ်း၊ EM ဖျော်ရည်များဖြင့် သဘာဝမြေဩဇာ ပြုလုပ်နေမှုကို လည်းကောင်း ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် သရက်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက် ခရိုင်၊ မြို့နယ်အဆင့်ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မိသားစုဝင်ငွေတိုးရေး၊ လူမှုစီးပွားဘဝမြင့်မားရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**



# မင်္ဂလာဒုံမြို့နယ် သမဝါယမအသင်းစု လီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းဦးက လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လမ်းညွှန်အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ အသင်းသားစာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းတို့ကို ဖတ်ကြားအတည်ပြုချက် ရယူပြီး အစုပေါ် အမြတ်ငွေ ၆၀၄၈၉၉ ကျပ်ကို အသင်းဝင် အသင်းသားများထံသို့ တိုးမြှင့်ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဥဏ်ဟိန်း**

# ဆင်းရဲနွံတွင်းက ရုန်းထွက်လုနီး ဘင်္ဂလားဒေ့ရှ်နမူနာစီးပွားရေးမူဝါဒ

မိုးကေနိုင်

**ကုန်သွယ်မှုကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် အလွန်အရေးပါသော မောင်းနှင်အားတစ်ခုဖြစ်သည့်အတွက် ဆင်းရဲမှုတိုက်ဖျက်ရေး၌ ပြည်ပကုန်သွယ်ရေးကို လက်နက်ကောင်းတစ်ခုအဖြစ်အသုံးချခဲ့သည့် ဖွံ့ဖြိုးဆဲအိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံ၏ ဥပမာတစ်ခုကို ဖော်ပြလိုပါသည်။ ကျွန်တော်တို့ အနောက်ဘက်အိမ်နီးချင်း၊ သမိုင်းတစ်လျှောက် စားရေရိက္ခာမဖူလုံမှုကြောင့် ဆင်းရဲမှုနှင့် နပန်းလုံးနေရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဆင်းရဲနွံက ရုန်းထွက်ဖို့ရန် ပြည်ပကုန်သွယ်ရေးကို အသက်ကယ်ကြိုးတစ်ခုအဖြစ် အသုံးချခဲ့သည်မှာ မှန်ကန်ကြောင်း ယခုအခါ သက်သေပြလျက်ရှိပါသည်။**

**စီမံချက်ကောင်းများဖြင့် .....**

နိုင်ငံတကာကုန်သွယ်ရေးကို ထူထူထောင်ထောင်ဖြစ်အောင် လုပ်နိုင်ခြင်းကပင် မိမိတို့နိုင်ငံသားများကို အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖော်ဆောင်ပေးခြင်းဖြစ်သည်။ နိုင်ငံသားများ စဉ်ဆက်မပြတ် ဝင်ငွေတိုးနေအောင် ဖန်တီးပေးနိုင်ခြင်းက ကုန်သွယ်မှုမှရလာသော ရလဒ်ကောင်းတစ်ခုဟု ဆိုရမည်ဖြစ်သည်။ လူသားအရင်းအမြစ်မှလွဲ၍ သယံဇာတအရင်းအမြစ်ပိုင်ဆိုင်မှုတွင် ချို့တဲ့လှသည့်ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘာပေါ်မှာ အငွှမ‌ြောက် လူဦးရေအများဆုံး သန်းပေါင်း ၁၇၀ ခန့်ဖြင့် လူဦးရေသိပ်သည်းဆများသည့် နိုင်ငံငယ်လေးတစ်ခုက စီးပွားရေးစနစ်ကြီးတစ်ခုလုံးနှင့် အကျုံးဝင်သည့် မက်ခရိုစီးပွားရေးကို ၂၀၁၀ ပြည့်နှစ်ကတည်းက တည်ငြိမ်အောင် ထိန်းသိမ်းလာနိုင်သည်မှာ နိုင်ငံတကာနှင့် ကုန်သွယ်ရေးကို အဓိကအားထားပြီး ပို့ကုန်ကဏ္ဍကို အကောင်းဆုံးမြှင့်တင်နိုင်ခဲ့သည့်အတွက်ကြောင့်ဟု ဆိုရမည်ဖြစ်သည်။ အစိုးရကချမှတ်သော ရေတိုရေရှည်စီးပွားရေးစီမံချက်များကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ခဲ့ကြသည်ကို တွေ့ရသည်။

ဘင်္ဂလားဒေ့ရှ်၏ စီးပွားရေးတိုးတက်မှုတွင် Labour intensive product (လုပ်သားအင်အားအခြေပြု အထည်ချုပ်ကဏ္ဍ)သည် အလွန်အရေးပါခဲ့ပြီး ပို့ကုန်ကဏ္ဍကို ကောင်းစွာအထောက်အကူပြုခဲ့သည်။ ကိုဗစ်ကာလနောက်ပိုင်း အကောင်းဆုံးပြန်လည်လည်ပတ်နိုင်အောင် လုပ်နိုင်ခဲ့ကြသည်။ လုပ်အားခသက်သာသည့်လုပ်သားထုအင်အား မျက်နှာသာပေးမှုဖြင့် ထုတ်လုပ်မှုစရိတ်သက်သာပြီး ဈေးကွက်ယှဉ်ပြိုင်မှု (comparative advantage )မှာ တစ်ပန်းသာခဲ့သည်။

ဆိပ်ကမ်းများအပါအဝင် စရိတ်သက်သာသည့် သယ်ယူပို့ဆောင်ရေးကွန်ရက်ဖြစ်အောင် အကောင်းဆုံးပြင်ဆင်နိုင်ခဲ့သည်။ နိုင်ငံတကာဈေးကွက်ကို ဘယ်လိုထိုးဖောက်မလဲ အခွင့်အလမ်းမှန်သမျှ ရယူနိုင်စွမ်းရှိခဲ့သည်။ နိုင်ငံတကာနှင့် သင့်တင့်မျှတသည့် ကုန်သွယ်ရေးစာချုပ်များကို ချုပ်ဆိုနိုင်ခဲ့ပြီး ကောင်းမွန်သော စီးပွားရေးသံခင်းတမန်ခင်းကို ပြသနိုင်ခဲ့သည်။ ဒါနဲ့တင်ပြီးမလား၊ မဟုတ်ပါ၊ ဘယ်လိုပို့ကုန်များက ပိုတွက်ခြေကိုက်မလဲ။ ကိုယ့်အားသာချက်နှင့် သူ့အားနည်းချက်ကို market analysis ဆန်းစစ်ပြီး အိမ်နီးချင်းနိုင်ငံများတွင် ရာသီအလိုက်လိုအပ်ချက်အရ တောင်းဆိုမှုများသော ဈေးကွက်ဝင် ပို့ကုန်အမျိုးအစားကို ပို၍ ဦးစားပေးတင်ပို့နိုင်အောင် ကြိုးစားသည်။ လက်တွေ့ကျသော ကုန်သွယ်ရေးမူဝါဒနှင့် စည်းမျဉ်း၊ စည်းကမ်းများအောက်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များကို မက်လုံးကောင်းကောင်းပေး၍ အစိုးရ၏ပံ့ပိုးကူညီမှုများက ပို့ကုန်သွင်းကုန်ကဏ္ဍတိုးတက်ရေးမှာ အကောင်းဆုံးရှေ့ဆောင်ဖြစ်ခဲ့ခြင်းသည် အားကျအတုယူဖွယ်ရာ ဖြစ်ပါသည်။

ဘင်္ဂလားဒေ့ရှ်သည် ယခုအခါ ဆေးဝါးအမျိုးမျိုးနှင့် IT ပစ္စည်းများကို ပြည်ပတင်ပို့နိုင်ပြီဖြစ်သည်။ ထိုလုပ်ငန်းများတွင် ကဏ္ဍအလိုက်ကျွမ်းကျင်လုပ်သား (skillful labour) ထုကြီးကို efficient labour ဖြစ်အောင် သူ့နေရာနှင့်သူ အသုံးတည့်အောင် နေရာချစီမံခန့်ခွဲနိုင်ခြင်းက အားသာချက်တစ်ခုပင်ဖြစ်သည်။ သုတေသနနယ်ပယ် (applied research) ကို အထူးအားပေးသည်။ အထူးသဖြင့် ကုန်ထုတ်လုပ်မှုနယ်ပယ်နှင့် ဈေးကွက်သုတေသနနယ်ပယ်တွေမှာ သုတေသီများ၏ စာတမ်းများက အထူးကျေးဇူးပြုနေသည်ကို တွေ့ရသည်။ ကိုဗစ်ကာလတုန်းက ကျဆင်းသွားခဲ့သည့် အရေးပါသည့် အထည်ချုပ်ကဏ္ဍကို ဘယ်လိုပြန်လည်အဖတ်ဆယ်မလဲနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ် သုတေသီတစ်ဦး ရေးသားထားသည့် စာတမ်းတိုတစ်စောင်ကို ဖတ်ဖူးသည်။ သူတို့စာတမ်းတွေက နိုင်ငံ၏ စီးပွားရေးကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်အမြင်ကို ကောင်းစွာထင်ဟပ်ပြီး ထိရောက်မှုလည်းရှိပုံရသည်။

> **နိုင်ငံသားများ စဉ်ဆက်မပြတ် ဝင်ငွေတိုးနေအောင် ဖန်တီးပေးနိုင်ခြင်းက ကုန်သွယ်မှုမှရလာသော ရလဒ်ကောင်းတစ်ခုဟု ဆိုရမည်ဖြစ်သည်။ လူသားအရင်းအမြစ်မှလွဲ၍ သယံဇာတအရင်းအမြစ်ပိုင်ဆိုင်မှုတွင် ချို့တဲ့လှသည့် ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘာပေါ်မှာ အငွှမ‌ြောက် လူဦးရေအများဆုံး သန်းပေါင်း ၁၇၀ ခန့်ဖြင့် လူဦးရေသိပ်သည်းဆများသည့် နိုင်ငံငယ်လေးတစ်ခုက စီးပွားရေးစနစ်ကြီးတစ်ခုလုံးနှင့် အကျုံးဝင်သည့် မက်ခရိုစီးပွားရေးကို ၂၀၁၀ ပြည့်နှစ်ကတည်းက တည်ငြိမ်အောင် ထိန်းသိမ်းလာနိုင်သည်မှာ နိုင်ငံတကာနှင့် ကုန်သွယ်ရေးကို အဓိကအားထားပြီး ပို့ကုန်ကဏ္ဍကို အကောင်းဆုံးမြှင့်တင်နိုင်ခဲ့သည့်အတွက်ကြောင့်ဟု ဆိုရမည်ဖြစ်သည်။ အစိုးရကချမှတ်သော ရေတိုရေရှည်စီးပွားရေးစီမံချက်များကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ခဲ့ကြသည်ကို တွေ့ရ**

သွင်းကုန်၊ ပို့ကုန်ကဏ္ဍမှာ သွင်းကုန်အပေါ် စည်းကြပ်သည့်အခွန်အကောက် tariff policy နှင့်အတူ အကန့်အသတ်ဖြင့်သာ တင်သွင်းခွင့်ပြုသည့် quota ကို ဟန်ချက်ညီအောင် ထိန်းထားနိုင်သည်။ အခွန်ဆောင်ရာမှာ အဆင့်တွေများပြီး ကြန့်ကြာမှုမရှိအောင် ဖြေလျှော့ပေးမှုများကြောင့် နိုင်ငံတကာကုန်သွယ်ရေးမှာ ဝင်ဆံ့လာသည်။ လက်ရှိဒေါ်လာဈေးမြင့်တက်လာမှုနှင့် သယ်ယူပို့ဆောင်ရေးစရိတ်ကြီးလာသည့်အခါ ပြည်တွင်းစားအုန်းဆီနှင့် ပဲပုပ်ဈေးနှုန်းများကို လျှော့ချမပေးဘဲ လုပ်ငန်းရှင်များအတွက် စားသုံးဆီတင်သွင်းခွန်နှင့် ပဲပုပ်ဆီတင်သွင်းခွန်များကိုသာ လျှော့ချပေးခဲ့ဖူးသည်။

စာတမ်းတွေ့ရှိချက်များနှင့်အတူ အစိုးရ၏ ဖြေလျှော့ပေးမှုများက စွန့်ဦးတီထွင်လုပ်ငန်းရှင်များစွာကို မွေးထုတ်ပေးလာနိုင်ပြီး သူတို့၏ စွန့်စွန့်စားစား ရင်းနှီးမြှုပ်နှံမှုများက လိုအပ်သည့်နေရာမှာ လိုအပ်သလို ဈေးကစားနိုင်စွမ်းရှိလာသည်။ ဤသည်ပင် လွတ်လပ်သော open or free trade တစ်ခုအသွင်ကို ဆောင်လာခြင်းဖြစ်ကာ နိုင်ငံတကာကုန်သွယ်မှုမှာ အထိုက်အလျောက်နေရာရလာပြီး နိုင်ငံ၏ဆင်းရဲမွဲတေမှုကိုပါ များစွာလျှော့ပါးသွားစေခဲ့သည်ဟု ချီးကျူးအသိအမှတ်ပြုလာကြသည်။ ဤသည်ပင် တိုးတက်မှုအတွက် အရေးပါသည့် ခြေလှမ်းများဟု ဆိုရမည်ဖြစ်ပါသည်။

**ပြုပြင်ပြောင်းလဲနိုင်စွမ်း**

စီးပွားရေးလုပ်ရာမှာ အခြေအနေအချိန်အခါနှင့်အညီ အပြောင်းအလဲလုပ်နိုင်စွမ်းက အလွန်အရေးပါပါသည်။ လုပ်ရဲကိုင်ရဲတာမျိုးဖြစ်သည်။ တစ်ခါတစ်ရံ ယုံကြည်မှုကို ပေးအပ်လိုက်ရသည်၊ ရလဒ်နည်းနိုင်မည့်အရာကို စွန့်လွှတ်ပြီး အောင်မြင်မှုများမည့်အရာမှာ ပုံအော၍ စွန့်စားလိုက်ရခြင်း opportunity cost ကို တွေ့ရသည်။ ဘင်္ဂလားဒေ့ရှ် အစိုးရရော လုပ်ငန်းရှင်များကပါ တစ်စုံတစ်ရာကို အလွယ်တကူ ယုံကြည်မှုမပေးသင့်သည့်အရာမျိုးကိုပင် ယုံကြည်မှုကို ရဲရဲဝံ့ဝံ့ပေးရဲသည့်သတ္တိ leap of faith ကို ကျင့်သုံးသွားကြသည်။ ထိုသတ္တိဖြင့် ကိုယ့်ပြည်တွင်းဈေးကွက်ကိုသာ တစ်ချိန်လုံး အာရုံစိုက်စဉ်းစားခြင်း inward looking နှင့် သွင်းကုန်အစားထိုး import substitution ဆိုသည်ထက် ပြင်ပကို မျှော်ကြည့်ပြီး (outward looking) ဖြင့် သူများလိုအပ်ချက်နှင့် နိုင်ငံတကာဈေးကွက်ကိုကြည့်ကာ ပို့ကုန်ဦးစားပေးသည့် မူဝါဒကို ပြောင်းလဲကျင့်သုံးခဲ့ကြသည်။

ထိုပြောင်းလဲမှုနှင့်အညီ အုပ်ချုပ်စီမံခန့်ခွဲသည့်စနစ် export oriented regime ကိုပါ လိုက်ပါပြောင်းလဲနိုင်စွမ်းရှိခဲ့သည်။ ထိုမူဝါဒမှန်သည်ဟု ဆိုရပါမည်၊ တကယ်တမ်း ပြည်တွင်းဈေးကွက်ကို အားထားခြင်းနှင့် သွင်းကုန်အစားထိုးမူဝါဒဟူသည် အလျင်အမြန်တိုးတက်မှုကိုဖြစ်စေမည့် ခေတ်မီစက်မှုဖြစ်ထွန်းမှုကိုပါ တစ်ပြိုင်တည်း လိုက်ပါလာအောင် ဆွဲခေါ်နိုင်စွမ်းမရှိပါ။

၁၉၆၀ နှင့် ၁၉၇၀ ပြည့်လွန်နှစ်များဆီ ပြန်လှည့်ကြည့်လျှင် စံနမူနာယူဖွယ် ပို့ကုန်ဦးစားပေးမူဝါဒကိုင်စွဲခဲ့သည့် ထွန်းသစ်စ အာရှအရှေ့ဖျားနိုင်ငံများ တစ်ဟုန်ထိုး စီးပွားတိုးတက်ခဲ့စဉ်က ဘင်္ဂလားဒေ့ရှ်သည် ကုန်ကြမ်းအခြေပြုပို့ကုန်များဖြစ်သည့် ဂုန်လျှော်ချည်မျှင်၊ လက်ဖက်ခြောက်နှင့် ပုစွန်စသည်တို့တွင်သာ အဓိက မှီခိုအားထားနေရသည်။ ယနေ့ကာလတွင် ဘင်္ဂလားဒေ့ရှ် မူဝါဒချမှတ်သူများကြောင့် အရည်အသွေးမီ ချုပ်လုပ်ပြီး အဝတ်အထည်မျိုးစုံကို အလုံးအရင်းဖြင့် တင်ပို့နိုင်ပြီဖြစ်သည့်အပြင် စိုက်ပျိုးရေးထွက်ကုန်များကို ခေတ်မီနည်းပညာများ အသုံးပြု၍လည်း အသင့်စားကုန်ချောအဖြစ် တင်ပို့နိုင်စွမ်းရှိသော ပလေယာအသစ် နောက်ထပ် အာရှကျားနိုင်ငံ တစ်နိုင်ငံအဖြစ်သို့ စတင်ရေးရှုနေပါပြီ။

အဝတ်အထည်နှင့် ပေါင်မုန့်၊ ဘီစကွတ်၊ ယိုဂျယ်လီ၊ သစ်သီးဖျော်ရည်၊ ယမကာ စသည့် ပြုပြင်ပြီး အစားအစာများအပေါ် ကမ္ဘာ့ဝယ်လိုအားကောင်းနေသည်။ ထိုစဉ်က တရုတ်၊ အိန္ဒိယ၊ မက္ကဆီကို၊ ဘရာဇီးလ်တို့လိုပင် ဘင်္ဂလားဒေ့ရှ်ကလည်း ကုန်သွယ်မှုကဏ္ဍကို နိုင်ငံ GDP ၏ အဓိကကျောရိုးအဖြစ် အားထားလာနိုင်သည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ကမ္ဘာကြည့်ကြည့်နိုင်စွမ်းရှိသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။ အရေးပါသော ကမ္ဘာ့ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့ဘဏ်လိုအဖွဲ့အစည်းများကပင် အထူးတလည် သတ်မှတ်လာကြသည်။ ထို့ကြောင့်လည်း ပေကျင်းအခြေစိုက် AIIB– Asian Infrastructure Investment Bank ထံမှ ချေးငွေအကူအညီများကို ရယူလာနိုင်ပြီး ၎င်းက စီးပွားတိုးတက်မှု အခွင့်အလမ်းတစ်ခုပင်ဖြစ်စေခဲ့သည်ဟု ဆိုနိုင်ပါသည်။ ရာသီဥတုပြောင်းလဲမှုအပါအဝင် ကမ္ဘာကြီးမှာ မတည်ငြိမ်မှုများနှင့် အဘက်ဘက်က ဆုတ်ယုတ်ကျဆင်းနေချိန်မှာ ထိုသို့သောအခွင့်အလမ်းမျိုးကား ရနိုင်ခဲပါသည်။

ပြုပြင်ပြောင်းလဲတိုင်း၏ အကျိုးရလဒ်ဟူသည် ရာစုနှစ်တစ်ခု၊ နှစ်ခုမျှ အချိန်ယူရလေ့ရှိပါသည်။ ၁၉၉၀ ပြည့်နှစ်ကစခဲ့သည့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုသည် ၂၀၀၀ ပြည့်နှစ်မှစ၍ ပုံမှန်တိုးတက်လာခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစ၍ သိသိသာသာ ရလဒ်ကောင်းများရရှိလာခဲ့ကာ ယခုအခါ ဘင်္ဂလားဒေ့ရှ်ပြည်သူများသည် ထိုမူဝါဒအပြောင်းအလဲ၏ အသီးအပွင့်များကို ခံစားနေကြပြီဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်က ဆင်းရဲမှုနှုန်း ၅၉ ရာခိုင်နှုန်းကနေ ၂၀၁၉ ခုနှစ်မှာ ၂၀ ရာခိုင်နှုန်းအထိ လျော့ကျသွားပြီဖြစ်သည်။ GDP က ပုံမှန်တိုးတက်နေသည်။ သတ္တိရှိရှိဖြင့် စွန့်စားပြီး လုပ်သင့်သည့်အပြောင်းအလဲကိုပြုလုပ်ကာ ကာလရှည်ရင်းနှီးမြှုပ်နှံခဲ့ရသည့် ပေးဆပ်ခဲ့ရသည့်အချိန် ရင်းနှီးမြှုပ်နှံမှုအရင်းအနှီးတန်ဖိုးများကား အလကားမဖြစ်ပါ၊

ပေးရသလောက်တန်သည် risk and return ရှိသည်ဟုဆိုရမည်ဖြစ်သည်။ ပြုပြင်ပြောင်းလဲမှုနှင့်အညီ စီမံခန့်ခွဲမှု change management တွင်ပါ လိုက်ပါပြောင်းလဲနိုင်စွမ်းရှိခြင်းကို အထူးအသိအမှတ်ပြုရမည်ဖြစ်သည်။ မိမိမှာ ဘာအားသာချက်ရှိနေသလဲ၊ ဘယ်လိုအခွင့်အလမ်းကောင်းများရှိနေသလဲ၊ နိုင်ငံ၏ လူသားအရင်းအမြစ် အားသာချက်ကို အလွယ်တကူမြင်နိုင်ခဲ့ပြီး လုပ်ချင်ကိုင်ချင်စိတ်ရှိသည့် စွမ်းအားများဖြစ်လာအောင် ပြုပြင်နိုင်စွမ်းရှိခဲ့သည်။ မသေချာမှုများနှင့် ကမ္ဘာကြီးမတည်မငြိမ်ဖြစ်နေစဉ်မှာပင် နိုင်ငံတကာဘဏ်ချေးငွေ အခွင့်အလမ်းကောင်းကို ရအောင်ယူနိုင်ခဲ့ပြီး ယခုအခါ နိုင်ငံတွင် ကြုံတွေ့နေရသော စွမ်းအင်ပြဿနာကို ဖြေရှင်းနေပြီဟု ယူဆရသည်။

ထို့ကြောင့်လည်း ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းသည့် ပို့ကုန်အမယ်များဖြင့် ကမ္ဘာကြီးမှာ ယှဉ်ပြိုင်နိုင်စွမ်းရှိလာခြင်းဖြစ်သည်။ ပို့ကုန်ကဏ္ဍတိုးတက်မှုနှင့်အညီ နိုင်ငံသားများကို အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးနိုင်သည့်အတွက် ဆင်းရဲမှုနှုန်းလျော့ကျသွားသည်ကို ထင်ထင်ရှားရှားတွေ့ရသည်။ မိမိတို့မြန်မာနိုင်ငံအနေဖြင့်ရော၊ မောင်တောကုန်သွယ်ရေးစခန်းမှ တစ်ဖက်နိုင်ငံဈေးကွက်သို့ အခွံပါမြေပဲစေ့အပါအဝင် လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်ပစ္စည်းများ၊ စက်မှုကုန်ချောများကို အဓိကတင်ပို့လျက်ရှိသကဲ့သို့ အခြားသော နယ်စပ်ကုန်သွယ်ရေးစခန်းများမှလည်း ပို့ကုန်အမယ်သစ်များ တိုးတက်တင်ပို့နိုင်အောင် ကြိုးပမ်းအားထုတ်လျက်ရှိသည်။

နယ်မြေဒေသ တည်ငြိမ်မှုအပေါ်မူတည်၍ မိမိဘက်မှ အဓိကတင်ပို့မှုပို့ကုန်ပမာဏနှင့် တန်ဖိုးများ အတက်အကျရှိနေသော်လည်း အိမ်နီးချင်းနိုင်ငံ၏ ပို့ကုန်သွင်းကုန်မူဝါဒနှင့် ဆောင်ရွက်ပုံများမှာ မိမိနိုင်ငံအတွက် တန်ဖိုးရှိသောနမူနာများအဖြစ် မှတ်ယူပါသည်။ အခြေအနေအချိန်အခါအရ အကျဘက်မှာ မျောပါမနေဘဲ ပဋိပက္ခနှင့် အခက်အခဲများကြားမှာ ဘယ်လိုရပ်တည်မလဲ၊ တည်ငြိမ်မှုရှိလာမည့်အပေါ် ကြိုတင်မြော်တွေးပြီး နမူနာယူသင်ခန်းစာပြုထားကြရပါမည်။

ရွေးကောက်ပွဲအနိုင်ရ ရှိတ်ဟာဆီနာအစိုးရအနေဖြင့်မူ အစဉ်အဆက် ကုန်သွယ်မှုဦးစားပေး ပို့ကုန်အဓိကမူဝါဒအတိုင်း ၎င်းတို့နိုင်ငံ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးရေးနှင့် အလွှာပေါင်းစုံညီညွတ်မျှတရေးပန်းတိုင်များဆီ အရှိန်အဟုန်ဖြင့် ဆက်လက်ချီတက်နေဦးမှာ အသေအချာပင်ဖြစ်သည်ဟု အပြုသဘောမြင်မိပါသည်။ ။

# သန်လျင်မြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့မှ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များရှိ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



နေပြည်တော် မတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်တို့မှ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များရှိ ဆရာ ဆရာမများနှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်တို့မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘုရားဖူးလာ ဆရာ ဆရာမများနှင့်ဝန်ထမ်းများအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက် ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင် ပညာရှင်များက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့ပုံများကို ဗီဒီယိုမှတ်တမ်းများဖြင့် ရှင်းလင်းပြသခဲ့ကြသည်။

ထို့နောက် ဘုရားဖူးလာ ဆရာ ဆရာမများနှင့် ဝန်ထမ်းများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။ ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂိမိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံ စေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# ရန်ကင်းမိုးကောင်းစေတီတော်မြတ်ကြီး၌ မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

ရန်ကင်း မတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်သူများ ဘေးအန္တရာယ်ကင်းစေရန်ရည်ရွယ်၍ ရန်ကင်းမြို့နယ် အမှတ်(၁၄)ရပ်ကွက် မိုးကောင်းလမ်း မိုးကောင်းစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ မြောက်ဘက်မုခ်စောင်းတန်း၌ အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ အခမ်းအနားကို မတ် ၇ ရက်ညနေ ၄ နာရီက ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်သံဃနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူခဲ့ကြပြီး အခမ်းအနားသို့ မြို့နယ်သံဃနာယကဆရာတော် ငါးပါး၊ ပင့်သံဃာတော် ၁၈ ပါး၊ သဃ်န်းကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်၊ ရန်ကင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းမင်းလတ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ထွေ/အုပ်ရုံးဝန်ထမ်းများတက်ရောက်ကြ၍ မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ခြင်းအား မတ် ၇ ရက်မှ ၁၂ ရက်အထိ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

# သထုံခရိုင်ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ မြန်မာ့ရိုးရာအခြေခံသိုင်းသင်တန်းဖွင့်လှစ်

သထုံ မတ် ၁၁

မွန်ပြည်နယ် သထုံခရိုင် ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာနခန်းမတွင် ယနေ့နံနက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကာ နွေရာသီ မြန်မာ့ရိုးရာ အခြေခံသိုင်းသင်တန်းကို ဖွင့်လှစ်သည်။



သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သထုံခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက မြန်မာ့သိုင်းသင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သဇင်လှိုင်က သထုံခရိုင်အတွင်း လူငယ်များ ဘက်စုံဖွံ့ဖြိုးရေး နွေရာသီအားကစားသင်တန်း ဖွင့်လှစ်ပေးနေမှုများနှင့် မြန်မာ့သိုင်းသင်တန်းပို့ချပေးမည့် အစီအစဉ်များ၊ ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ ကျောင်းသား ကျောင်းသူ လူငယ် ၃၀ တက်ရောက်ကြပြီး သင်တန်းတွင် အခြေခံမြန်မာ့သိုင်းပညာများဖြစ်သည့် ခေါင်း လေးချက်၊ လက်သီး ခြောက်ချက်၊ လက်ဝါးစောင်း ခြောက်ချက်၊ လက်ဖနောင့် လေးချက်၊ လက်ဖျံ ရှစ်ချက်၊ တံတောင် ရှစ်ချက်၊ ဒူး လေးချက်၊ ခြေ ရှစ်ချက်၊ ယိမ်းယိုင် ဘယ်ညာ နှစ်ချက်၊ လက်စုံ ၁၃ ချက်တို့ကို စနစ်တကျ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကာ တစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# မိတ္ထီလာခရိုင်မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေး အသိပညာပေးခြင်းများ ဆက်လက်ဆောင်ရွက်

မိတ္ထီလာ မတ် ၁၁

မိတ္ထီလာခရိုင်မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး အသိပညာပေးခြင်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိရာ မတ် ၁၁ ရက် နံနက်ပိုင်းက မိတ္ထီလာမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြှိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဝန်ထမ်းများအား မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြှိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်မီးသတ်

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၀၇၆၀ ခုအား စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍**
**အပတ်စဉ် သတင်းထုတ်ပြန်ခြင်း(၁၁-၃-၂၀၂၄) ရက်နေ့၊ ည(၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၃-၃-၂၀၂၄)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၀-၃-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၀,၇၆၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၆)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၇) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

■

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**



# ကျွန်းစုမြို့အနီး မြန်မာ့ပင်လယ်အတွင်း ရေဝင်နစ်မြုပ်နေသည့် ကင်းမွန်မီးထွန်းလှေတစ်စင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်

နေပြည်တော် မတ် ၁၁

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်ရှိမြန်မာ့ပင်လယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များသည် မြိတ်မြို့၏ အနောက်တောင်ဘက် ရေမိုင် ၂၃ မိုင်ခန့်အကွာ၌ ရေကျောင်အမည်ရှိ ကင်းမွန်မီးထွန်းလှေတစ်စင်း ရေဝင်နစ်မြုပ်နေကြောင်း ဒေသခံငါးဖမ်းလှေများ၏ သတင်းပေးပို့ချက်အရ သွားရောက်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာ မတ် ၁၀ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် ရေဝင်နစ်မြုပ်နေသည့် လှေပေါ်မှ လှေသား ခြောက်ဦးအား တွေ့ရှိခဲ့ပြီး အဆိုပါ လှေသား ခြောက်ဦးအား ရေယာဉ်ပေါ်သို့ တင်ဆောင်ကာ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကာ အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများထောက်ပံ့၍ လှေသားများအား သက်ဆိုင်ရာသို့ စနစ်တကျလွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ(Grade-12) ကျောင်းသား ကျောင်းသူများ မြန်မာစာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုအားပေး





နေပြည်တော် မတ် ၁၁

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော် ကောင်စီနယ်မြေ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းရှိ စာစစ်ဌာနသို့ ရောက်ရှိပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက စာမေးပွဲအခန်းတာဝန်ကျ ကြီးကြပ်ရေးမှူးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများကို စနစ်သစ်ပညာရေး၏ အထက်တန်းဆင့် နောက်ဆုံး အရည်အချင်းစစ်စာမေးပွဲဖြစ်သည့် တက္ကသိုလ်ဝင်စာမေးပွဲ(Grade-12)ကို ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးကြရန်၊ စာဖြေသူနှင့် စာမေးပွဲလုပ်ငန်း အနှောင့်အယှက်မဖြစ်စေရန် အထူးဂရုစိုက်ဆောင်ရွက်ကြရန်၊ စာမေးပွဲဖြေဆိုသည့် စာဖြေခန်းအတွင်း၊ အပြင် သန့်ရှင်းရေးနှင့် လေဝင်လေထွက်ကောင်းမွန်ရေး၊ အလင်းရောင် လုံလောက်စွာရရှိရန် ဆောင်ရွက်ပေးရန်၊ စနစ်သစ်ပညာရေးစနစ်တွင် ပထမဆုံးကျင်းပသည့် တက္ကသိုလ်ဝင် (Grade-12) စာမေးပွဲကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းရှိ စာစစ်ဌာနနှင့် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းသည် ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူး ဒေါက်တာကျော်လွင်၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများနှင့်အတူ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်းနှင့် ဇေယျာသီရိမြို့နယ် (ရေဆင်း) အခြေခံပညာအထက်တန်းကျောင်းတို့ရှိ စာစစ်ဌာနများသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးမှူးများနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သက်ဆိုင်ရာ စာစစ်ဌာနများအသီးသီးသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်တွင်းစာစစ်ဌာန ၈၃၀ နှင့် နိုင်ငံခြားစာစစ်ဌာန ၁၁ ခု၊ စာစစ်ဌာန စုစုပေါင်း ၈၄၁ ခုတွင် စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၁၄၆၅၂၃ ဦး စာရင်းပေးသွင်းကြပြီး ၁၂၈၈၀၁ ဦး ဝင်ရောက်ဖြေဆိုကြသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် စာစစ်ဌာန စုစုပေါင်း ၄၇ ခုတွင် စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၈၆၇၆ ဦး စာရင်းပေးသွင်းကြပြီး ၈၄၂၈ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စနစ်သစ် ပထမနေ့တွင် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၈၈၀၁ ဦးရှိ

နေပြည်တော် မတ် ၁၁

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စနစ်သစ် ပထမနေ့ကို ယနေ့နံနက်ပိုင်းက စတင်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၈၈၀၁ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြား စာစစ်ဌာန ၁၁ ခုနှင့် ပြည်တွင်း စာစစ်ဌာန ၈၃၀ စာစစ်ဌာနစုစုပေါင်း ၈၄၁ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၄၆၅၂၃ ဦးရှိပြီး စာမေးပွဲပထမနေ့ မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၈၈၀၁ ဦး၊ ပျက်ကွက် ၁၇၇၂၂ ဦးရှိကာ ဖြေဆိုသူ ၈၇ ဒသမ ၉၀ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

အခြေခံပညာဦးစီးဌာန

၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် - မြန်မာစာ

ရက်စွဲ၊ ၁၁ - ၃ - ၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၄ | ၂၆ | ၂၃၄၉ | ၃၆၅၈ | ၆၀၀၇ | ၂၂၁၇ | ၃၅၃၀ | ၅၇၄၇ | ၁၃၂ | ၁၂၈ | ၂၆၀ | ၉၅.၆၇% | ၄.၃၃% | |
| ၂ | ကယား | စာစစ်ဌာနမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ၆ | ၇ | ၁၁ | ၈၉၂ | ၁၅၀၄ | ၂၃၉၆ | ၇၈၈ | ၁၃၉၄ | ၂၁၈၂ | ၁၀၄ | ၁၁၀ | ၂၁၄ | ၉၁.၀၇% | ၈.၉၃% | |
| ၄ | ချင်း | ၆ | ၇ | ၁၀ | ၇၃၀ | ၉၉၃ | ၁၇၂၃ | ၁၅၁ | ၂၅၀ | ၄၀၁ | ၅၇၉ | ၇၄၃ | ၁၃၂၂ | ၂၃.၂၇% | ၇၆.၇၃% | |
| ၅ | စစ်ကိုင်း | ၁၄ | ၂၅ | ၃၇ | ၂၃၈၉ | ၃၇၂၀ | ၆၁၀၉ | ၂၂၀၈ | ၃၄၆၅ | ၅၆၇၃ | ၁၈၁ | ၂၅၅ | ၄၃၆ | ၉၂.၈၆% | ၇.၁၄% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၇ | ၉၉၄ | ၁၆၄၁ | ၂၆၃၅ | ၉၂၂ | ၁၅၇၃ | ၂၄၉၅ | ၇၂ | ၆၈ | ၁၄၀ | ၉၄.၆၉% | ၅.၃၁% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၄ | ၃၀၈၃ | ၄၄၀၆ | ၇၄၈၉ | ၂၉၂၀ | ၄၂၁၁ | ၇၁၃၂ | ၁၆၂ | ၁၉၅ | ၃၅၇ | ၉၅.၂၃% | ၄.၇၇% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၂၅၄၇ | ၃၄၄၃ | ၅၉၉၀ | ၂၄၂၈ | ၃၃၄၅ | ၅၇၇၃ | ၁၁၉ | ၉၈ | ၂၁၇ | ၉၆.၃၈% | ၃.၆၂% | |
| ၉ | မကွေး | ၇ | ၂၃ | ၄၄ | ၄၀၅၃ | ၅၇၆၈ | ၉၈၂၁ | ၃၈၅၄ | ၅၆၁၉ | ၉၄၇၃ | ၁၉၉ | ၁၄၉ | ၃၄၈ | ၉၆.၄၆% | ၃.၅၄% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၇၄ | ၈၃၉၇ | ၁၁၈၁၉ | ၂၀၂၁၆ | ၈၀၂၈ | ၁၁၄၁၄ | ၁၉၄၄၂ | ၃၆၉ | ၄၀၅ | ၇၇၄ | ၉၆.၁၇% | ၃.၈၃% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၀ | ၂၂၇၄ | ၃၇၄၁ | ၆၀၁၅ | ၂၁၄၉ | ၃၆၁၈ | ၅၇၆၇ | ၁၂၅ | ၁၂၃ | ၂၄၈ | ၉၅.၈၈% | ၄.၁၂% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၆၉ | ၈၄၀၀ | ၁၀၂၀၂ | ၁၈၆၀၂ | ၃၉၄၉ | ၄၅၉၄ | ၈၅၄၃ | ၄၄၅၁ | ၅၆၀၈ | ၁၀၀၅၉ | ၄၅.၉၃% | ၅၄.၀၇% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၇၃ | ၈၆၀၉ | ၁၀၃၄၃ | ၁၈၉၅၂ | ၈၀၄၈ | ၉၉၀၈ | ၁၈၀၅၆ | ၄၆၁ | ၄၃၅ | ၈၉၆ | ၉၅.၂၇% | ၄.၇၃% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၆၄ | ၃၁၀၆ | ၄၉၆၈ | ၈၀၇၄ | ၂၉၄၉ | ၄၇၅၂ | ၇၇၀၁ | ၁၅၇ | ၂၁၆ | ၃၇၃ | ၉၅.၃၈% | ၄.၆၂% | |
| ၁၅ | ရှမ်း(မြောက်) | ၆ | ၁၄ | ၁၇ | ၁၁၂၄ | ၁၇၂၉ | ၂၈၅၃ | ၇၇၇ | ၁၂၀၃ | ၁၉၈၀ | ၃၄၇ | ၅၂၆ | ၈၇၃ | ၃၉.၄၀% | ၃၀.၆၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၇ | ၁၀ | ၁၂ | ၄၅၀ | ၆၅၄ | ၁၁၀၄ | ၄၂၀ | ၆၃၂ | ၁၀၅၂ | ၃၀ | ၂၂ | ၅၂ | ၉၅.၂၉% | ၄.၇၁% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၃၀ | ၈၂၇၁ | ၁၁၅၇၆ | ၁၉၈၄၇ | ၇၇၆၃ | ၁၁၁၈၀ | ၁၈၉၄၃ | ၅၀၈ | ၃၉၆ | ၉၀၄ | ၉၅.၄၅% | ၄.၅၅% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၇ | ၃၇၅၀ | ၄၉၂၆ | ၈၆၇၆ | ၃၆၁၅ | ၄၈၁၃ | ၈၄၂၈ | ၁၃၅ | ၁၁၃ | ၂၄၈ | ၉၇.၁၄% | ၂.၈၆% | |
| ၁၉ | နိုင်ငံခြား | | | ၁၁ | ၆ | ၈ | ၁၄ | ၆ | ၇ | ၁၃ | ၀ | ၁ | ၁ | ၉၂.၈၆% | ၇.၁၄% | |
| | စုစုပေါင်း | ၁၁၈ | ၂၉၃ | ၈၄၁ | ၆၁၄၂၄ | ၈၅၀၉၉ | ၁၄၆၅၂၃ | ၅၃၂၉၃ | ၇၅၅၀၈ | ၁၂၈၈၀၁ | ၈၁၃၁ | ၉၅၉၁ | ၁၇၇၂၂ | ၈၇.၉၀% | ၁၂.၁၀% | |

မှတ်ချက် - စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများ စတင်ဖြေဆို



**နေပြည်တော် မတ် ၁၁**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ယနေ့စတင်ကျင်းပလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေအတွင်း၌လည်း သက်ဆိုင်ရာ စာစစ်ဌာနများအလိုက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ဝင်ရောက်ဖြေဆိုကြသည်။

နံနက်ပိုင်းမှစတင်၍ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့ဖြေဆိုကြမည့် စာစစ်ဌာနများသို့ အချိန်မီရောက်ရှိလာကြရာ တာဝန်ကျ ဆရာ ဆရာမများက စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်၊ မမှန် စစ်ဆေးခြင်း၊ ဖြေဆိုကြမည့် အခန်းများအတွင်း၌လည်း ကျောင်းသား ကျောင်းသူများလိုက်နာရမည့် စာမေးပွဲဆိုင်ရာ စည်းကမ်းချက်များ ရှင်းလင်းပြောကြားခြင်း တို့ကို ဆောင်ရွက်ပေးကြသည်။



ဦးဝင်းနိုင်



ဒေါ်အေးအေးသန့်

တက္ကသိုလ်ဝင် စာမေးပွဲသို့ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ စာစစ်ဌာန နှစ်ခု၌ စာရင်းရှိ ကျောင်းသား ကျောင်းသူ ၂၇၀ တွင် ဖြေဆိုသူ ၂၆၅ ဦး၊ လယ်ဝေးမြို့နယ်ရှိ စာစစ်ဌာန ၁၀ ခု၌ စာရင်းရှိကျောင်းသား ကျောင်းသူ ၂၀၁၁ ဦးတွင် ဖြေဆိုသူ ၁၉၆၀ ၊ ဇမ္ဗူသီရိမြို့နယ်ရှိ စာစစ်ဌာန ခြောက်ခု၌ စာရင်းရှိ ကျောင်းသား ကျောင်းသူ ၈၆၄ ဦး တွင် ဖြေဆိုသူ ၈၃၁ ဦး၊ ပျဉ်းမနား မြို့နယ်ရှိ စာစစ်ဌာန ငါးခု၌ စာရင်းရှိကျောင်းသား ကျောင်းသူ ၁၄၃၃ ဦးတွင် ဖြေဆိုသူ ၁၄၀၃ ဦး၊ ပုဗ္ဗသီရိမြို့နယ်ရှိ စာစစ်ဌာန ငါးခု၌ စာရင်းရှိကျောင်းသား ကျောင်းသူ ၁၁၂၄ ဦးတွင် ဖြေဆိုသူ ၁၀၉၁ ဦး၊ ဇေယျာသီရိမြို့နယ်ရှိ စာစစ်ဌာန ငါးခု၌ စာရင်းရှိ ကျောင်းသား ကျောင်းသူ ၉၈၁ ဦးတွင် ဖြေဆိုသူ ၉၅၁ ဦး၊ ဥတ္တရသီရိမြို့နယ်ရှိ စာစစ်ဌာန ခြောက်ခု၌ စာရင်းရှိ ကျောင်းသား ကျောင်းသူ ၆၆၁ ဦး တွင် ဖြေဆိုသူ ၆၃၈ ဦး၊ တပ်ကုန်းမြို့နယ်ရှိစာစစ်ဌာန ရှစ်ခု၌ စာရင်းရှိ ကျောင်းသား ကျောင်းသူ ၁၃၃၂ ဦးတွင် ဖြေဆိုသူ ၁၂၈၉ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၈၄၂၈ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိပြီး ဖြေဆိုသည့် ရာခိုင်နှုန်း အနေဖြင့် ၉၇ ဒသမ ၁၄ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနိုင်စေရန် ဆောင်ရွက်ထားမှုများနှင့်စပ်လျဉ်း၍ နေပြည်တော်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးသန့်က "ကျွန်မတို့ နေပြည်တော်မှာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုဖို့ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၆၇၆ ဦးရှိပြီး စာစစ်ဌာန ၄၇ ခု ရှိပါတယ်။ ဖြေဆိုဖို့ ဘာသာတွဲတွေအနေနဲ့ STEAMS –1၊ STEAMS – 2 နဲ့ STAMS –1 ဆိုပြီး ခွဲခြားထားပါတယ်။ STEAMS –1 မှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဘာသာရပ်တွေ ပါဝင်ပါတယ်။ STEAMS – 2 မှာတော့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒဘာသာရပ်တွေပါဝင်ပါတယ်။ STAMS –1 မှာတော့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီ၊သမိုင်း၊ဘောဂဗေဒဘာသာရပ်တွေပါဝင်ပါတယ်။

ဘာသာရပ်အလိုက် ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေအနေနဲ့ STEAMS –1 မှာတော့ စုစုပေါင်း ၂၈၃၄ ဦး၊ STEAMS – 2 မှာတော့ ၄၉၇၂ ဦးနဲ့ STAMS –1 မှာတော့ ၈၇၀ ရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေ စာမေးပွဲဖြေဆိုနိုင်စေဖို့ အခြေခံပညာဦးစီးဌာနအနေနဲ့လည်း ညွှန်ကြားချက်တွေနဲ့ သေချာစွာဆောင်ရွက်ပေးပါတယ်။ နောက်ပြီး စာမေးပွဲကာလအတွင်း မီးဘေးလုံခြုံရေးအတွက် သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပါတယ်။ ပညာရေးဌာနက တာဝန်ရှိသူတွေနဲ့ မြို့နယ်အလိုက် အဖွဲ့အစည်းတွေက ကျောင်းသား ကျောင်းသူတွေ စာမေးပွဲ ဖြေဆိုနေတဲ့အချိန်မှာ လမ်းပန်းဆက်သွယ်ရေးနဲ့ ကျန်းမာရေးအခက်အခဲတွေ မဖြစ်စေဖို့ ကူညီစောင့်ရှောက်ပေးကြပါတယ်။ စာတွေခက်ပေမယ့် တစ်နှစ်ပတ်လုံး ကြိုးစားပမ်းစားကျက်လာကြတဲ့ ကလေးတွေကတော့ ဖြေဆိုအောင်မြင်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ကလေးတွေအနေနဲ့ စာမေးပွဲကို သေချာစွာဖြေဆိုပြီး လိုချင်တဲ့ပန်းတိုင်ကို ရောက်ကြပါစေလို့ ဆုတောင်းပေးပါတယ်" ဟုပြောသည်။

အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် ကြီးကြပ်ရေးမှူးဆောင်ရွက်နေသည့် ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်က " ကျွန်တော်တို့ ဇမ္ဗူသီရိမြို့နယ်မှာ စာစစ်ဌာန ခြောက်ခုရှိပါတယ်။ ကျွန်တော်တာဝန်ကျတဲ့ကျောင်းမှာ ဘာသာရပ်အလိုက် ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေအနေနဲ့ STEAMS –1 မှာ ၁၁၆ ဦး၊ STEAMS – 2 မှာတော့ ၁၁၇ ဦးနဲ့ STAMS –1 မှာတော့ ၁၉ ဦး စုစုပေါင်း ၂၉၆ ဦး ဖြေဆိုပါတယ်။ ဒီနေ့ဖြေဆိုတဲ့ မြန်မာစာဘာသာရပ်ကိုတော့ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၈၀ ဖြေဆိုပြီး ၁၆ ဦး ပျက်ကွက်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောင်းသား ကျောင်းသူတွေ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ဖို့အတွက် စာမေးပွဲမကျင်းပမီ တစ်ပတ်အလိုလောက်ကတည်းက သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနဲ့ ညှိနှိုင်းပြီးပြင်ဆင်မှုတွေ ဆောင်ရွက်ရပါတယ်။ ကျွန်တော့် စာစစ်ဌာနမှာတော့ စာဖြေခန်း ၁၀ ခန်းစီစဉ်ထားပါတယ်။ ဒီနေ့ မြန်မာစာဘာသာရပ်မှာတော့ ကလေးတွေဟာ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ဖြေဆိုနေကြပါတယ်။ ဒီနှစ်ကတော့ Grade – 12 ရဲ့ ပထမဆုံးဖြေဆိုတဲ့ စနစ်သစ်စာမေးပွဲလည်းဖြစ်တော့ ကျောင်းသား ကျောင်းသူတွေ ဆရာ ဆရာမတွေနဲ့ အုပ်ထိန်းသူတွေအားလုံး စနစ်တကျဆောင်ရွက်ကြပါတယ်။ ကလေးတွေအနေနဲ့လည်း စာမေးပွဲကို အခက်အခဲမရှိ ဖြေဆိုနိုင်ကြမယ်လို့ ယုံကြည်ပါတယ်" ဟုပြောသည်။

**စနစ်တကျ**
**စီမံဆောင်ရွက်ထား**

ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ် ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်များအလိုက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်း တပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျစီမံဆောင်ရွက်ထားကြောင်း သိရသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယနေ့ မတ် ၁၁ ရက်မှ ၁၉ ရက်အထိ တစ်နေ့တစ်ဘာသာနှုန်းဖြင့် နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း – အောင်ရဲသွင်**
**ဓာတ်ပုံ – ကိုကိုအေး**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများ စတင်ကျင်းပ မန္တလေးတိုင်းဒေသကြီးတွင် ကျောင်းသား ကျောင်းသူပေါင်း ၁၉၀၀၀ ကျော်ဝင်ရောက်ဖြေဆို

**မန္တလေး မတ် ၁၁**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယနေ့ နံနက် ၉ နာရီမှစတင်၍ ကျင်းပလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်း၌လည်း သက်ဆိုင်ရာစာစစ်ဌာနများအလိုက် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသည် KG+12 စနစ်သစ်ပညာရေး၏ ပထမဆုံးသော စာမေးပွဲဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခုနှင့် မြို့နယ် ၂၈ ခုရှိ စာစစ်ဌာန ၇၄ ခု၌ ဖြေဆိုရန် လျှောက်ထားသူ ၂၀၂၁၆ ဦးအနက် ၁၉၄၄၂ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြကာ ဖြေဆိုမှုရာခိုင်နှုန်းအနေဖြင့် ၉၆ ဒသမ ၁၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။



ထို့ပြင် စာစစ်ဌာနတစ်ခုတွင် ကြီးကြပ်ရေးမှူးတစ်ဦးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများ ထားရှိစောင့်ကြပ်စေပြီး စာဖြေခန်းတစ်ခုလျှင်ဖြေဆိုသူ ဦးရေ ၃၀ ထားရှိ ဖြေဆိုစေကြောင်းနှင့် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးနှင့် မန္တလေးဗဟိုအကျဉ်းထောင်တို့တွင်လည်း စာစစ်ဌာနများ ဖွင့်လှစ်ဖြေဆိုခွင့်ပြုထားကြောင်း သိရသည်။

အမှတ်(၂၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုဝေက "ကျွန်မက အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းမှာ ကြီးကြပ်ရေးမှူးတာဝန်ကျပါတယ်။ ဒီစာစစ်ဌာနမှာ ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေကတော့ ၄၅၄ ဦးရှိပါတယ်။ ကလေးတွေ အေးချမ်းစွာစာမေးပွဲ ဖြေဆိုနိုင်ဖို့ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ရပါတယ်။ ဖြေဆိုခွင့်ကတ်တွေမှာပါတဲ့ နာမည်တွေ ကွဲလွဲမှုမရှိစေရေးကိုလည်း တိုက်ဆိုင်စစ်ဆေးခြင်းတွေ ဆောင်ရွက်ရပါတယ်။ ဒီစာစစ်ဌာနကျောင်းမှာ ကြီးကြပ်ရေးမှူးနဲ့အတူ လက်ထောက်ကြီးကြပ်ရေးမှူး ၅၄ ဦး တာဝန်ထမ်းဆောင်ကြမှာဖြစ်ပါတယ်။ စာဖြေခန်း ၁၆ ခန်းပြင်ဆင်ထားပါတယ်။ ဒီနှစ်က Grade – 12 စနစ်သစ်ရဲ့စာမေးပွဲကို စတင်ဖြေဆိုတဲ့နှစ်ဖြစ်ပါတယ်။ ဒါကြောင့်ကလေးတွေအနေနဲ့ စိတ်လှုပ်ရှားနေမယ်လို့ထင်ပါတယ်။ ဒါပေမဲ့ တစ်နှစ်လုံးလေ့ကျင့်ပြင်ဆင်ထားတဲ့အတွက် စာမေးပွဲဖြေဆိုရတာ အဆင်ပြေကြမယ်လို့ထင်ပါတယ်" ဟု ပြောသည်။

ကျောင်းသားမိဘတစ်ဦးကလည်း "ကလေးစာမေးပွဲသေချာဖြေဆိုနိုင်စေဖို့ ကျောင်းမှာသင်ကြားပေးတဲ့စာတွေကို အိမ်ရောက်ရင်လည်း စနစ်တကျစာကျက်နိုင်ဖို့ ဆောင်ရွက်ပေးပါတယ်။ ဒီနှစ်ကလည်း စနစ်သစ်ဖြစ်တဲ့အတွက် ကလေးကိုအများကြီး ပိုမိုဂရုစိုက်ပေးဖြစ်ပါတယ်။ မိဘတစ်ယောက်အနေနဲ့လည်း ကိုယ့်ကလေးစာမေးပွဲ မဖြေဆိုနိုင်မှာကို စိုးရိမ်မိတယ်။ စာတွေကလည်း အဆင့်မြင့်ပြီးများလာတာကို တွေ့ရပါတယ်။ ဒါကြောင့် ကလေး ပိုင်ပိုင်နိုင်နိုင် ဖြေဆိုနိုင်စေဖို့ အများကြီး ပံ့ပိုးပေးနေပါတယ်။ စာမေးပွဲအောင်မြင်သွားရင်တော့ အတိုင်းမသိ ဝမ်းသာမိမှာပါ။ ကလေးအားလုံး စိတ်ချမ်းသာစွာနဲ့ ဖြေဆိုနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်" ဟု ပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ ၁၉ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်း၌ ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ်တွင် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း အခြေခံပညာကျောင်းပေါင်း ၄၁၉၈ ကျောင်း၊ ကိုယ်ပိုင်ကျောင်းပေါင်း ၂၃၅ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၃၁၁ ကျောင်း ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

# အမြို့မြို့အနယ်နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ (မြန်မာစာဘာသာ) ဖြေဆိုမှုမြင်ကွင်း


ကျိုက်မရောမြို့နယ်
မြို့နယ်(ပြန်/ဆက်)


တီးတိန်မြို့နယ်
မိုးမိုး


ဘီးလင်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


တာချီလိတ်မြို့နယ်
ခရိုင်(ပြန်/ဆက်)


ရပ်စောက်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကျိုက်ထိုမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မင်္ဂလာတောင်ညွန့်မြို့နယ်
ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)


သထုံမြို့နယ်
ခရိုင်(ပြန်/ဆက်)


မိုင်းသောက်မြို့
စိုင်းအယ်ဘဲ

# အမြို့မြို့အနယ်နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ (မြန်မာစာဘာသာ) ဖြေဆိုမှုမြင်ကွင်း


ချီဖွေမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ဟိုင်းကြီးကျွန်းမြို့
လှိုင်မျိုးအောင်


လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကျိုင်းတုံမြို့နယ်
အောင်ဇင်မြင့်(ပြန်/ဆက်)


ကမာရွတ်မြို့နယ်
ကိုကိုဇော်(MNA)


ဖလမ်းမြို့
ရဲမြင့်အောင်


တနိုင်းမြို့နယ်
မနောမြေ(တနိုင်း)


မူဆယ်မြို့
ခရိုင်(ပြန်/ဆက်)


ပူတာအိုမြို့နယ်
ဖုန်ကန်(ပူတာအို)


မောင်တောမြို့နယ်
ခရိုင်(ပြန်/ဆက်)



## ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများ ကြည့်ရှုအားပေး

**ပုသိမ် မတ် ၁၁**

ဧရာဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့ပေါ်ရှိ စာစစ်ဌာနအသီးသီးတွင် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်အား ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနေမှုများကို ကြည့်ရှုအားပေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ပေါ်ရှိ အမှတ်(၁)၊ (၂)၊ (၆)၊ (၈)၊ (၇) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်အား ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ထိုသို့ စာစစ်ဌာနများအား လှည့်လည်ကြည့်ရှုအားပေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ အပြည့်အဝပေးနိုင်ရေး၊ လုံခြုံရေးကိစ္စရပ်များ အထူးဂရုပြုဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးအတွက် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မှာကြားခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီးရှိ စာစစ်ဌာန ၂၃၀ တွင် မြန်မာစာဘာသာရပ်အား ကျောင်းသား ၇၇၆၃ ဦး၊ ကျောင်းသူ ၁၁၁၈၀ စုစုပေါင်း ၁၈၉၄၃ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများ ကြည့်ရှုအားပေး

**ပဲခူး မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ လိုက်ပါလျက် မတ် ၁၁ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို သွားရောက်ကြည့်ရှုအားပေးရာ တိုင်းဒေသကြီးပညာရေးမှူးက တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့မှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့နယ် အင်းတကော်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းလွှတ်ချိန်၌ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား အအေးနှင့်မုန့်များ ပေးဝေကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူးခရိုင်တွင် စာစစ်ဌာန ခြောက်ခု၊ ဖြေဆိုသူဦးရေ ၂၁၃၆ ဦး၊ ညောင်လေးပင်ခရိုင်တွင် စာစစ်ဌာန ၁၀ ခု၊ ဖြေဆိုသူဦးရေ ၂၂၄၂ ဦး၊ တောင်ငူခရိုင်တွင် စာစစ်ဌာန ၁၈ ခု၊ ဖြေဆိုသူဦးရေ ၃၁၁၁ ဦး၊ ပြည်ခရိုင်တွင် စာစစ်ဌာန ၁၆ ခု၊ ဖြေဆိုသူဦးရေ၂၀၈၉ ဦး၊ သာယာဝတီခရိုင်တွင် စာစစ်ဌာန ၂၀၊ ဖြေဆိုသူဦးရေ ၂၃၄၅ ဦး၊ နတ်တလင်းခရိုင်တွင် စာစစ်ဌာန ကိုးခု၊ ဖြေဆိုသူဦးရေ ၁၅၅၆ ဦးရှိပြီး စုစုပေါင်း စာစစ်ဌာန ၇၉ ခု၌ ဖြေဆိုသူဦးရေ ၁၃၄၇၉ ဦး အေးချမ်းလုံခြုံစွာဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



★ **ကျောဖုံးမှ**

ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တိုင်း/ခရိုင်ပညာရေးမှူးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက စာစစ်ဌာနများအလိုက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**စာစစ်ဌာန ၇၃ ခု**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၇၃ ခုတွင် ကျောင်းသား ၈၆၀၉ ဦး၊ ကျောင်းသူ ၁၀၃၄၃ ဦးဖြေဆိုရန် စာရင်းပေးသွင်းထားပြီး ယနေ့ မြန်မာစာဘာသာရပ်၌ ကျောင်းသား ၈၁၄၈ ဦး၊ ကျောင်းသူ ၉၉၀၈ ဦးဖြင့် ကျောင်းသား ကျောင်းသူ ၁၈၀၅၆ ဦးဖြေဆိုခဲ့ရာ မြန်မာစာနေ့တွင် ၉၅ ဒသမ ၂၇ ရာခိုင်နှုန်း ဖြေဆိုခဲ့ကြောင်း သိရသည်။ Grade-12 ဖြေဆိုမှုတွင် ဗိုလ်တထောင်မြို့နယ် အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာန၌ အသက် ၆၂ နှစ်ရှိ အမျိုးသားတစ်ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး စိတ်ကြိုက်မြန်မာစာဘာသာရပ်တွင် စမ်းချောင်းမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသူတစ်ဦး ဝင်ရောက်ဖြေဆိုခဲ့သည်။



ဗိုလ်တထောင် အမှတ်(၆)အထက်တန်းကျောင်းတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ဓာတ်ပုံ - ကနူး

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၇၃ ခုတွင် သွေးအားနည်းရောဂါဖြင့် ဆေးရုံမှဖြေဆိုသူ ကျောင်းသူ တစ်ဦး၊ ကိုယ်အင်္ဂါမသန်စွမ်းသူ နှစ်ဦး၊ အမြင်အာရုံချို့တဲ့သူ သုံးဦး၊ အကြားအာရုံချို့တဲ့သူ သုံးဦးနှင့် အင်းစိန်အကျဉ်းဦးစီးဌာနမှ အကျဉ်းသားခုနစ်ဦးတို့လည်း မြန်မာစာဘာသာရပ်ကို စိတ်အေးချမ်းစွာ ဖြေဆိုခဲ့ကြကြောင်း သိရသည်။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ ၁၉ ရက်အထိ နံနက်၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖြေဆိုသွားမည်ဖြစ်ပြီး သင်ရိုးသစ်ဘာသာရပ်တွင် အခက်အခဲမရှိ ဖြေဆိုနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အဆင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး ဘာသာရပ်ဆွေးနွေးပွဲသင်တန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမ ၃၃၉၃ ဦးတို့အား ဇန်နဝါရီလဆန်းပိုင်းက သင်တန်းများပို့ချပေးခဲ့သည့်နည်းတူ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့မှ ထုတ်ဝေသည့် Grade-12 သင်ရိုးသစ်နှင့်စပ်လျဉ်းသည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံများကိုလည်း ကျောင်းများ၌ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

■

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ကျော်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ မတ် ၁၀ ရက်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်စစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မတ် ၁၁**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ဟားမတ်စ်အဖွဲ့အား ချေမှုန်းရန်အတွက် ဆောင်ရွက်နေသည့် စစ်ဆင်ရေးနှစ်လအတွင်းပြီးစီးမည်ဟု နေတန်ယာဟု ပြောကြား



**ဂျေရုဆလင် မတ် ၁၁**

ဂါဇာကမ်းမြောင်ဒေသတွင်ဟားမတ်စ် အဖွဲ့အား ချေမှုန်းရန်အတွက် အစ္စရေး တပ်ဖွဲ့က ဆောင်ရွက်နေသည့်စစ်ဆင်ရေး သည် လာမည့်နှစ်လအတွင်း ပြီးစီးမည် ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားခဲ့သည်ဟု ယနေ့စပွတ်ညစ်သတင်းတစ်ရပ်အရ သိရ သည်။

ဟားမတ်စ်အဖွဲ့၏ အင်အား လေးပုံ သုံးပုံကို တိုက်ခိုက်ချေမှုန်းပြီးစီးပြီ ဖြစ်သဖြင့် တိုက်ပွဲအဆုံးသတ်ရန် နီးကပ် လာပြီဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသအား အစ္စရေး တပ်ဖွဲ့က တိုက်ခိုက်မှုအတွင်း လက်ရှိ အချိန်ထိ ဟားမတ်စ် စစ်သွေးကြွ အဖွဲ့ဝင် ၁၃၀၀၀ အပါအဝင် စုစုပေါင်း ၂၆၀၀၀ခန့် သေဆုံးခဲ့ကြောင်း ၎င်းက မှတ်ချက်ပြု ပြောကြားသည်။

**တိုက်ခိုက်ချေမှုန်းမည်**

ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းရှိ ရာဖာမြို့အထိ အစ္စရေးတပ်ဖွဲ့များက ချီတက် တိုက်ခိုက်မည်ဟု ၎င်းက ပြောကြားသည်။ ထို့ပြင် လက်ဘနွန် နယ်စပ်တွင် တည်ငြိမ်အေးချမ်းမှု ရရှိ စေရေးအတွက် ဟစ်ဇဘိုလာ စစ်သွေးကြွ အဖွဲ့ကိုလည်း တိုက်ခိုက်ချေမှုန်း မည်ဟု ၎င်းက ထပ်လောင်းပြောကြား သည်။

ယမန်နှစ် အောက်တိုဘာ ၇ရက်တွင် ဟားမတ်စ်အဖွဲ့က အစ္စရေးနိုင်ငံအတွင်း သို့ဝင်ရောက်တိုက်ခိုက်မှုကြောင့် အစ္စရေး နိုင်ငံသား ၁၂၀၀ သေဆုံးခဲ့ရာ ပြန်လည် တုံ့ပြန်သောအားဖြင့် အစ္စရေးတပ်ဖွဲ့ ကလည်း ဂါဇာကမ်းမြောင်ဒေသတွင် စစ်ဆင်ရေးများ ဆောင်ရွက်ခဲ့သည်။

**ကိုးကား-စပွတ်ညစ်**

**ဘာသာပြန်-စိုးသူရ**



# ဂျပန်နိုင်ငံအား သဘာဝဘေးအန္တရာယ်ခံနိုင်ရည်ရှိသည့် နိုင်ငံအဖြစ်တည်ဆောက်မည်ဟု ကီရှီဒါ ပြောကြား

**တိုကျို မတ် ၁၁**

ဂျပန်နိုင်ငံ၏၂၀၁၁ ခုနှစ် ငလျင်နှင့် နျူကလီးယား မတော်တဆမှုမှ သင်ခန်းစာများကိုရယူပြီး နိုင်ငံကို သဘာဝဘေးအန္တရာယ်ခံနိုင်ရည်ရှိသည့် နိုင်ငံအဖြစ် တည်ဆောက်မည်ဟု ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက ကတိပြုခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ယနေ့တွင်ဖူကူရှီးမားစီရင်စု၌ ကျင်းပသည့် ဂျပန်ငလျင်နှင့် ဆူနာမီဖြစ်ပွားမှု ၁၃ နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားသို့ ၎င်းပါဝင် တက်ရောက်ခဲ့သည်။ အခမ်းအနားတက်ရောက်သူများက တိုဟိုကူဒေသ၏ ပစိဖိတ်ကမ်းရိုးတန်းတွင် ပြင်းအား ၉ ဒသမ ၀ အဆင့်ရှိ ငလျင်လှုပ်ခတ်သည့်အချိန်အတိအကျဖြစ်သည့် မွန်းလွဲ ၂နာရီ ၄၆ မိနစ်တွင် ငြိမ်သက်စွာဆုတောင်းခဲ့သည်။ ယင်းစီရင်စုတွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်သော ငလျင်၊ ဆူနာမီနှင့် မတော်တဆမှုများကြောင့် စီရင်စုရှိ လူအများအပြား၏ အသက်အိုးအိမ် စည်းစိမ်ဆုံးရှုံးခဲ့ကြောင်း ဝန်ကြီးချုပ်က ၎င်း၏မိန့်ခွန်းတွင် မှတ်ချက်ပြုပြောကြားခဲ့သည်။

နျူကလီးယားဘေးအန္တရာယ်ဆိုင်ရာ ပြန်လည်တည်ဆောက်ရေးအတွက် အလယ်အလတ်မှစတင်၍ ရေရှည်တုံ့ပြန်ဆောင်ရွက်မှုများအထိ ဆောင်ရွက်ရန်လိုအပ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံကို ဘေးကင်းသည့် နည်းလမ်းများဖြင့် ဖျက်သိမ်းရန် အစိုးရက ထပ်မံကြိုးပမ်းသွားမည် ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြု ပြောကြားသည်။

၂၀၁၁ ခုနှစ် မတ် ၁၁ ရက်တွင် ဂျပန်ကမ်းရိုးတန်းအရှေ့မြောက်ပိုင်းရှိတိုဟူကူဒေသတွင် ပြင်းအား ၉ ဒသမ ၀ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့သည့်အပြင် နောက်ဆက်တွဲအဖြစ် ဆူနာမီမုန်တိုင်း တိုက်ခတ်ခဲ့သည်။ ၎င်းဖြစ်စဉ်အတွင်း ဒေသခံ ၂၂၀၀၀ မှာ သေဆုံးခြင်းနှင့် ပျောက်ဆုံးခြင်းများ ဖြစ်ပွားခဲ့ကာ ဆူနာမီမုန်တိုင်းကြောင့် ဖူကူရှီးမားဒိုင်အိချိ နျူကလီးယား ဓာတ်အားပေးစက်ရုံ ပျက်စီးခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**

# မလေးရှားနိုင်ငံ၌ ၂၀၂၃ ခုနှစ်တွင် ရေလွှမ်းမိုးမှုကြောင့် ကန်ဒေါ်လာ ၁၇၁ သန်း ဆုံးရှုံးခဲ့

**ကွာလာလမ်ပူ မတ် ၁၁**

မလေးရှားနိုင်ငံ၌ ရေကြီးမှုကြောင့် ၂၀၂၃ ခုနှစ်တွင် ရင်းဂစ် သန်း ၈၀၀ (အမေရိကန်ဒေါ်လာ ၁၇၁ သန်း) ဆုံးရှုံးခဲ့ကြောင်း တရားဝင်အချက်အလက်များက မတ် ၁၁ ရက်တွင် ဖော်ပြခဲ့ သည်။

မလေးရှားနိုင်ငံ၌ ၂၀၂၃ ခုနှစ်အတွင်း ရေကြီးမှုကြောင့် ဆုံးရှုံးမှုသည် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၏ သုည ဒသမ ၀၄ ရာခိုင်နှုန်းနှင့် ညီမျှကြောင်း မလေးရှားနိုင်ငံစာရင်းအင်း ဌာန (DOSM) က ထုတ်ပြန်ခဲ့သည်။

သို့ရာတွင် ၂၀၂၂ ခုနှစ်တွင် ရေကြီးမှုကြောင့် ဆုံးရှုံးမှုများ သည် မလေးရှားနိုင်ငံ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုး၏ သုည ဒသမ ၀၆ ရာခိုင်နှုန်းခန့်ဖြစ်ပြီး ၂၀၂၃ ခုနှစ်သည် ၂၀၂၂ ခုနှစ်ထက် ဆုံးရှုံးမှုလျော့နည်းခဲ့ကြောင်း သိရသည်။

မလေးရှားနိုင်ငံ စာရင်းအင်းဌာန၏ အဆိုအရ ၂၀၂၃ ခုနှစ် တွင် လူနေရပ်ကွက်များ၌ ရေကြီးမှုကြောင့် ဆုံးရှုံးမှုသည် ရင်းဂစ် ၁၆၈ ဒသမ ၃ သန်းရှိပြီး မော်တော်ယာဉ်များ ဆုံးရှုံးမှုတန်ဖိုးသည် ရင်းဂစ် ၂၂ ဒသမ ၃ သန်း ရှိသည်။

တစ်ချိန်တည်းတွင် ကုန်ထုတ်လုပ်မှုအတွက် ဆုံးရှုံးမှုမှာ ရင်းဂစ် ၁၀ ဒသမ ၃ သန်း၊ စီးပွားရေးလုပ်ငန်းများမှ ရင်းဂစ် ၅၃ ဒသမ ၂ သန်း၊ စိုက်ပျိုးရေးလုပ်ငန်းမှ ရင်းဂစ် ၁၂၀ ဒသမ ၆ သန်း၊ အများပိုင်ပစ္စည်းနှင့် အခြေခံအဆောက်အအုံများမှ ရင်းဂစ် ၃၈၀ ဒသမ ၇ သန်း ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အစ္စရေးနိုင်ငံက ဂါဇာကမ်းမြောင်ဒေသတွင် ဖမ်းဆီးထိန်းသိမ်းထားခဲ့သည့် ပါလက်စတိုင်းနိုင်ငံသား ၅၆ ဦးအား ပြန်လည်လွှတ်ပေးခဲ့

**ဂါဇာ မတ် ၁၁**

အစ္စရေးနိုင်ငံသည် ပါလက်စတိုင်း နိုင်ငံသား ၅၆ ဦးအား မတ် ၁၁ ရက်တွင် ပြန်လည်လွှတ်ပေးခဲ့ကြောင်းနှင့် အဆိုပါ ပါလက်စတိုင်း နိုင်ငံသားများသည် ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေး စစ်ဘက်က မကြာသေးမီအတွင်း ပြုလုပ် ခဲ့သည့် မြေပြင်စစ်ဆင်ရေးအတွင်း ဖမ်းဆီး ထိန်းသိမ်းခဲ့သူများဖြစ်ကြောင်း ဂါဇာရှိ နယ်စပ်ဖြတ်ကျော် အထွေထွေ အာဏာပိုင်အဖွဲ့က ပြောကြားသည်။

**ပြန်လည်လွှတ်ပေး**

အဆိုပါ ပါလက်စတိုင်း နိုင်ငံသား များအား ဂါဇာကမ်းမြောင်တောင်ပိုင်းရှိ ကီရမ်ရှာလွမ် နယ်စပ်ဖြတ်ကျော်ဂိတ်မှ တစ်ဆင့် ပြန်လည်လွှတ်ပေးခဲ့ခြင်း ဖြစ်ကြောင်း ဂါဇာရှိ နယ်စပ်ဖြတ်ကျော် အထွေထွေအာဏာပိုင်အဖွဲ့က သတင်း ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြား သည်။

ပြန်လည်လွှတ်ပေးခြင်းခံခဲ့ရသူများ၏ ခန္ဓာကိုယ်များတွင် ညှင်းပန်းနှိပ်စက် ထားသည့် သဲလွန်စများတွေ့ရှိရ ကြောင်းလည်း ဂါဇာရှိ နယ်စပ်ဖြတ်ကျော် အထွေထွေအာဏာပိုင်အဖွဲ့၏ သတင်း ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထား သည်။

ဒေသဆိုင်ရာ သတင်းအရင်းအမြစ် များနှင့် ပါလက်စတိုင်း လူ့အခွင့်အရေး ဆိုင်ရာ အဖွဲ့အစည်းများ၏ အဆိုအရ မြေပြင်စစ်ဆင်ရေးအတွင်း အစ္စရေး စစ်ဘက်က ပါလက်စတိုင်းနိုင်ငံသား အများအပြားကို ဖမ်းဆီးခေါ်ဆောင်သွား ကြောင်းနှင့် ဖမ်းဆီးခေါ်ဆောင်သွား ခြင်းခံရသည့် ပါလက်စတိုင်းနိုင်ငံသား များကို စနစ်တကျလွှဲပြောင်းပေးခဲ့ခြင်း မရှိကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**



# အင်ဒိုနီးရှားနိုင်ငံ ရေကြီးမှုနှင့် မြေပြိုမှုဖြစ်စဉ်များအတွင်း သေဆုံးသူ ၂၆ ဦး ရှိလာ



**ဂျကာတာ မတ် ၁၁**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားတြားပြည်နယ်၌ ဖြစ်ပွားခဲ့သည့် ရေကြီးမှုနှင့် မြေပြိုမှုဖြစ်စဉ်များအတွင်း သေဆုံးသူ ၂၆ ဦး ရှိလာ ခဲ့ကြောင်း အမျိုးသားသဘာဝဘေး လျော့ပါးရေးအေဂျင်စီက ယနေ့တွင် ပြောကြားသည်။

ကယ်ဆယ်ရေးဝန်ထမ်းများက ပျောက်ဆုံးနေသူ ၁၁ ဦးကို ထပ်မံ ရှာဖွေနေကြောင်း ၎င်းအေဂျင်စီ၏ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူ မူဟာယီက မှတ်ချက်ပြုပြောကြားသည်။ အဆိုပါ သဘာဝဘေးအန္တရာယ်ကြောင့် အနည်းဆုံး ၃၉၀၀၀ ထိခိုက်ခဲ့ကြောင်းနှင့် ထိခိုက်သူများအား အကူအညီများပေးအပ်ရေးအတွက် ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

ပြီးခဲ့သည့် သီတင်းပတ်တွင် ၎င်းပြည်နယ်အတွင်း ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီး ထောင်နှင့်ချီသော နေအိမ်များနှင့် အများ ပြည်သူသုံး အဆောက်အအုံများ ရေနစ်မြုပ်ကာ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့သောကြောင့် ပြည်နယ်အုပ်ချုပ်ရေးရုံးမှ အရေးပေါ် သတိပေးချက်ကို ထုတ်ပြန်ခဲ့ရသည်။ ပစိဖိတ်သဘာဝဘေးအန္တရာယ် ကြောတွင် တည်ရှိသည့် အင်ဒိုနီးရှားနိုင်ငံသည် မကြာခဏ တိုင်ဖွန်း မုန်တိုင်းများတိုက်ခတ်ကာ ရေကြီးမှုများနှင့် မြေပြိုမှုများလည်းဖြစ်ပွား လေ့ရှိပြီး ငလျင်နှင့် မီးတောင်ပေါက်ကွဲမှုများ အများအပြားဖြစ်ပွား ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# AA အကြမ်းဖက်သောင်းကျန်းသူများက စစ်တွေမြို့နယ် ပါဒလိပ်ကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ဖြေဆိုပြီး ပြန်လာသည့် အပြစ်မဲ့ကျောင်းသားတစ်ဦးနှင့် ကျောင်းသူတစ်ဦးတို့ ဖုံးစထိမှန်ဒဏ်ရာများရရှိ

**နေပြည်တော် မတ် ၁၁**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ပါဒလိပ်ကျေးရွာအတွင်းသို့ AA အကြမ်းဖက် သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ကျောင်းသားတစ်ဦးနှင့် ကျောင်းသူတစ်ဦးတို့တွင် ဖုံးစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**လက်နက်ကြီးများဖြင့်ပစ်ခတ်**

ဖြစ်စဉ်မှာ AA အကြမ်းဖက် သောင်းကျန်းသူများသည် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် စစ်တွေမြို့နယ် ပါဒလိပ်ကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၅၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ပါဒလိပ်ကျေးရွာရှိ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းအနီးသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါ ပေါက်ကွဲမှုကြောင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ ဖြေဆို၍ ပြန်လာသော ကျောင်းသားတစ်ဦးနှင့် ကျောင်းသူတစ်ဦးတို့တွင် ဖုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်ဆေးရုံသို့ အရေးပေါ် ပို့ဆောင်၍ ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ဆောင်ရွက်ပေးကာ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**



AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တည်ငြိမ်အေးချမ်းလျက်ရှိသော မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း လက်နက်ကြီးများ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်း၊ တိုက်ပွဲများဖော်ဆောင်ခြင်း၊ ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့် လုပ်ရပ်များကိုသာ စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိပြီး ယခုဖြစ်စဉ်တွင်လည်း ၎င်းတို့၏ မဆင်မခြင် ပစ်ခတ်ခဲ့မှုကြောင့် နိုင်ငံ့အနာဂတ်ဖြစ်သည့် ကလေးငယ်များ၏ ပညာရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို များစွာထိခိုက်စေခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စာမေးပွဲဖြေဆိုနေသည့် ကလေးငယ်များ အားလုံး ဘေးကင်းလုံခြုံစွာဖြင့် စာမေးပွဲဆက်လက်ဖြေဆိုနိုင်ရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများနှင့် အကြမ်းဖက်မှုနှိမ်နင်းရေး လုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**






AA အကြမ်းဖက် သောင်းကျန်းသူများ၏ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် စစ်တွေမြို့ ပါဒလိပ်ကျေးရွာရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းအနီး လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့ ကျောင်းသား ကျောင်းသူများ ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်စဉ်ပြပုံ။

# ဆီဆိုင်မြို့နှင့် ဟိုပုံးမြို့တို့တွင် တပ်မတော်က တိုက်လေယာဉ်ဖြင့် ဗုံးကြဲခြင်း၊ လက်နက်ကြီးများ ပစ်ခတ်ခြင်းနှင့် ဒရုန်းများဖြင့် မီးလောင်ဗုံးများ ကြဲချမှုတို့ကြောင့် နေအိမ် ၁၆ လုံးထက်မနည်း မီးလောင်ပြာကျခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တစ်ဖက်သတ်စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နှင့် ဟိုပုံးမြို့တို့တွင် မတ် ၁၀ ရက်က နှစ်ဖက်တိုက်ပွဲများပြင်းထန်နေပြီး တပ်မတော်က တိုက်လေယာဉ်များဖြင့် ဗုံးကြဲခြင်း၊ လက်နက်ကြီးများ ပစ်ခတ်ခြင်းနှင့် ဒရုန်းများဖြင့် မီးလောင်ဗုံးများ ကြဲချမှုတို့ကြောင့် နေအိမ် ၁၆ လုံးထက်မနည်း မီးလောင်ပြာကျခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေထားသည်ကို တွေ့ရှိရသည်။




အဆိုပါ ဆီဆိုင်မြို့ကို ဇန်နဝါရီလအတွင်း KNDF ၊ PNLA ၊ PDF အကြမ်းဖက်သမားများက နယ်မြေတည်ငြိမ်ရေးနှင့် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်စခန်းများနှင့် လုံခြုံရေးပူးပေါင်း တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့ပြီး ဆီဆိုင်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ရပ်များကို ပေါ်ပေါ်ထင်ထင် လုပ်ဆောင်လျက်ရှိရာ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများက ဆီဆိုင်မြို့နှင့် ဟိုပုံးမြို့အတွင်းသို့ ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် နေအိမ်များမီးလောင်ပျက်စီးခဲ့ရကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များကို လက်မခံသည့် ဒေသခံပြည်သူများက ၎င်းတို့၏ လုပ်ရပ်များကို ကန့်ကွက်လျက်ရှိသည့်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တောင်တွင်းကြီးမြို့နှင့် ခနေဖြူမြို့မှ လူငယ်များအား တပ်မတော်ကဖမ်းဆီးပြီး တပ်သားသစ်အဖြစ် စုဆောင်းနေကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် လုပ်ကြံဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၁၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၌ မတ် ၇ ရက်တွင် အသက် ၁၃ နှစ်အရွယ် မောင်အောင်သက်ပိုင်ကို စစ်မှုထမ်းဥပဒေအရ တပ်သားအဖြစ် တာဝန်ထမ်းဆောင်ရန် တပ်မတော်က ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို ဝမ်းနည်းဖွယ် တွေ့ရှိရသည်။

**ဖမ်းဆီးခေါ်ဆောင်ခြင်းမရှိ**

အဆိုပါသတင်းသည် မှန်ကန်မှုမရှိကြောင်းနှင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဝါဒဖြန့်ဝေနေခြင်းဖြစ်ပြီး တပ်မတော်မှ စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးခေါ်ဆောင်ခြင်းမရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။ တပ်မတော်မှ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး တပ်သားသစ်စုဆောင်းရာတွင် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်လျက်ရှိသည့်အတွက် ၂၀၂၀ ပြည့်နှစ် ဇွန် ၁၅ ရက်က ထုတ်ပြန်သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အစီရင်ခံစာ၏ နောက်ဆက်တွဲပါ ကလေးစစ်သည်များ စုဆောင်းမှုနှင့် အသုံးပြုမှုစာရင်းမှ မြန်မာနိုင်ငံအား ပယ်ဖျက်ခဲ့သည်။




အလားတူ ဧရာဝတီတိုင်းဒေသကြီး ခနေဖြူမြို့နယ်အတွင်းတွင် မတ် ၈ ရက်က အသက် ၂၃ နှစ်အရွယ် ကိုဝင်းထက်နိုင်အပါအဝင် လူငယ် ၂၅ ဦးထက်မနည်းကိုဖမ်းဆီးပြီး စစ်သင်တန်းတက်ခိုင်းနေကြောင်း ပြည်သူများ အထင်အမြင်လွဲမှားဖွယ် သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိသည့်အတွက် ဒေသခံပြည်သူတစ်ဦးထံ ဆက်သွယ်မေးမြန်းမှုအရ လူငယ်များကို ဖမ်းဆီးခြင်းနှင့် စစ်သင်တန်းတက်ခိုင်းခြင်းမရှိကြောင်း သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားကာ ပြည်သူများကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်ပေါ်တွင် ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# မြစ်ကြီးနားမြို့ အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနများတွင် တက္ကသိုလ်ဝင်စာမေးပွဲများ ဖြေဆို

မြစ်ကြီးနား မတ် ၁၁

ကချင်ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ မြစ်ကြီးနားမြို့ပေါ်အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများ၌ ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း (Grade–12) စာမေးပွဲ အေးချမ်းတည်ငြိမ်စွာ ဖြေဆိုနေမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ်၊ ပြည်နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက စာမေးပွဲဖြေဆိုနေသော ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်ရေး ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ စောင့်ကြပ်ကူညီမှုဖြင့် အေးချမ်းစွာဖြေဆိုနေသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ထို့နောက် အမှတ် (၉)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသားမိဘများနှင့် တာဝန်ကျကြီးကြပ်ရေး ဆရာ ဆရာမများ၊ ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ကချင်ပြည်နယ်အတွင်း ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာနပေါင်း ၂၇ ခု ဖွင့်လှစ်ထားပြီး စာရင်းရှိ ကျောင်းသား ကျောင်းသူဦးရေ ၆၀၀၇ ဦးရှိသည့်အနက် ယနေ့စာမေးပွဲပထမနေ့တွင် ကျောင်းသား ၂၂၁၇ ဦးနှင့် ကျောင်းသူ ၃၅၃၀ စုစုပေါင်း ၅၇၄၇ ဦး ဖြေဆိုခဲ့ကြကြောင်းနှင့် မြစ်ကြီးနားမြို့တွင် စာစစ်ဌာနလေးခုဖွင့်လှစ်ထားပြီး စာရင်းရှိစာမေးပွဲဖြေဆိုသူဦးရေ ၁၃၈၅ ဦးအနက် ယနေ့စာမေးပွဲပထမနေ့တွင် ဖြေဆိုသူ ၁၃၂၅ ဦးတို့ ဖြေဆိုလျက်ရှိရာ ကြီးကြပ်ရေးအဖွဲ့ဝင် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စောင့်ရှောက်မှုဖြင့် အေးချမ်းတည်ငြိမ်စွာဖြေဆိုခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မွန်ပြည်နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲပထမနေ့ မြန်မာစာ စတင်ဖြေဆိုသည့်နေ့တွင် ဝင်ရောက်ဖြေဆိုသူ ၉၅ ဒသမ ၈၈ ရာခိုင်နှုန်းရှိ

မော်လမြိုင် မတ် ၁၁

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ သတ်မှတ်ထားသည့် စာစစ်ဌာန ၂၀ တွင် အခြေခံပညာအဆင့် ၂၀၂၃–၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် စာမေးပွဲဖြေဆိုလျက်ရှိသည်။

ထိုသို့ ဖြေဆိုနေမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၁၂) အခြေခံပညာအထက်ကျောင်း၊ ရွှေနတ်တောင် အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းတို့ကို သွားရောက်ပြီး ၂၀၂၃–၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်အား ကျောင်းသားကျောင်းသူလေးများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေး၊ မလိုလားအပ်သည့် အသံဆူညံမှုများ မဖြစ်ပွားစေရေး ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရာတွင် တာဝန်ထမ်းဆောင်ပေးကြသည့် ဆရာ ဆရာမများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။



မွန်ပြည်နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန ၂၀ ရှိပြီး ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူစုစုပေါင်း ၅၇၆၇ ဦး (ဖြေဆိုသူ ၉၅ ဒသမ ၈၈ ရာခိုင်နှုန်း) ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ မတ် ၁၁ ရက်က မုံရွာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(အလုံ)တို့တွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာဘာသာ ဖြေဆိုနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)

# တပ်ကုန်းမြို့နယ်၌ တောင်သူများအား နှမ်းမျိုးများထောက်ပံ့

တပ်ကုန်း မတ် ၁၁

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းသည် ယမန်နေ့မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

ဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက စိုက်ပျိုးရေအသုံးချရေးစနစ်များ၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ နှမ်းသီးနှံပိုမိုစိုက်ပျိုးရေး၊ ရပ်ကွက်၊ ကျေးရွာများတွင် ဩဇာရင်းတိုင်ကြားရေး၊ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများကို ပြည်သူများကျယ်ပြန့်စွာသိရှိစေရေး၊ MSME လုပ်ငန်းဖော်ဆောင်ရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေအေးကျေးရွာရှိ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ(KC)ခန်းမ၌ စိုက်ပျိုးရေးတောင်သူ ၄၀၀ နှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာများတွင် လုံခြုံရေးကိစ္စရပ်များ ပြည်သူတစ်ရပ်လုံးဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းမှာကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူများသိသင့်သိထိုက်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်သည် အင်ဘက်ကုန်းကျေးရွာ ကွင်းအမှတ် ၁၃၀၅၊ လယ်မြေဧက ၁၂၃ ဒသမ ၄၀ ဧက၊ စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်တွင် နှမ်းမျိုးစိုက်ပျိုးမည့်တောင်သူ ၇၀ အတွက် မျိုးနှမ်း ဆင်းရတနာ –၃၊ တစ်ဧကလျှင် နှစ်ပြည်နှုန်းဖြင့် ၁၁၂ ဧကအတွက် မျိုးနှမ်းစုစုပေါင်း ၂၂၄ ပြည်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



# လှိုင်းဘွဲ့မြို့နယ်၌ ကျောက်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

ဘားအံ မတ် ၁၁

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရှမ်းရွာသစ်–လေးဝါးလမ်း ၂၀/၇ မိုင်အနက် ၂/၀ မိုင် ကျောက်ခင်းခြင်းလုပ်ငန်းမှာ ဖေဖော်ဝါရီ ၂၃ ရက်တွင် လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သည်။

အဆိုပါ ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးမှုကြောင့် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာ ၁၈ ရွာ၊ အိမ်ခြေ ၅၉၅ အိမ်၊ အိမ်ထောင်စု ၆၂၀၊ လူဦးရေ ၃၀၅၈ ဦးတို့ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

ကရင်ပြည်နယ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု ရန်ပုံငွေကျပ် ၃၁၃၇ ဒသမ ၈၁၁ သန်းဖြင့် မြေလမ်း ၃/၀ မိုင်၊ အမာခံလမ်း ၆/၀ မိုင်၊ ကျောက်လမ်း ၅/၆ မိုင်၊ ကွန်ကရစ်လမ်း ၂/၀ မိုင်၊ ကတ္တရာလမ်း ၃/၀ မိုင်၊ သံကူကွန်ကရစ်တံတားလေးစင်း၊ Box Culvert ၁၈ စင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တောင်သူလိုအင်ဖြည့်ဆည်းဖို့ သမဝါယမစနစ်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်စို့

**K ဇင်သစ်(မန်းတက္ကသိုလ်)**

**ခေတ်စနစ်များ ပြောင်းလဲလာသည်နှင့်အမျှ ကျေးလက်နေတောင်သူများ၏ လယ်ယာလုပ်ငန်းခွင်ဆောင်ရွက်နေမှုများကလည်း ခေတ်မီလာပြီဟု ဆိုချင်ပါသည်။ ယခင်အချိန်များက မိရိုးဖလာ ကျွဲ၊ နွားများဖြင့် ထွန်ယက်စိုက်ပျိုးခဲ့ကြရာမှ ယနေ့ခေတ်ဆိုလျှင် လယ်ယာသုံးစက်ကိရိယာများသုံးစွဲကာ စိုက်ပျိုးလုပ်ကိုင်နေကြသည်ကို တွေ့မြင်နေရပါသည်။ လယ်ယာလုပ်သားရှားပါးမှု၊ အချိန်ကုန်သက်သာမှု၊ ကွက်ပြည့်စိုက်ပျိုးနိုင်မှု၊ အထွက်နှုန်းတိုးတက်မှု၊ ရိတ်သိမ်းချိန်လွန် အလေအလွင့်နည်းပါးမှုစသည့်ကောင်းကျိုးများကို သိရှိလာကြသော တောင်သူများအနေဖြင့် ခေတ်မီလယ်ယာသုံးစက်ကိရိယာများ ဝယ်ယူအသုံးပြုလာမှုသည် ပစ္စက္ခကာလများအတွင်း များပြားလာသည်မှာ ငြင်းဖွယ်မရှိပါ။**

ယင်းသို့ လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုကြရာတွင် အချို့တောင်သူများသည် တစ်ဦးချင်းပိုင် ဝယ်နိုင်ကြသလို အချို့မှာ စုပေါင်း၍ ဝယ်ချင်နေကြကြောင်း သိရှိရပါသည်။ တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို ဝယ်ချင်နေသော်လည်း ဝယ်နိုင်ခွင့်နည်းပါးနေကြသည်က အမှန်ပါ။ လယ်ထွန်စက်တစ်စီးလျှင် ကျပ်သိန်း ၅၀၀-၆၀၀ ခန့်၊ ရိတ်သိမ်းခြွေလှေ့စက် တစ်စီးလျှင် ကျပ်သိန်း ၁၀၀၀ ဝန်းကျင် ပေါက်ဈေး ရှိနေ၍ တောင်သူများအတွက် အခက်တွေ့နေသည်မှာ မြေပြင်တွင် အမှန်ဖြစ်နေပါသည်။ အချို့က လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူလိုသော်လည်း တောင်သူစိတ်ကြိုက်ထွန်စက်များက ဈေးကွက်မှာ ပစ္စည်းပြတ်၍ ဝယ်မရ။ အချို့ကျပြန်တော့လည်း အသုံးပြုလိုသည့်ထွန်စက်ကြီး ဝယ်၍ရနေသော်လည်း ငွေကြေးအရင်းအနှီးက လုံလောက်မှုမရှိဖြစ်နေကြသည်။ ထိုထိုသော တောင်သူလိုအင်များကို ဖြည့်ဆည်းပေးနိုင်ရန် သမဝါယမလယ်ယာဝန်ဆောင်မှု အထောက်အကူပြုအသင်းများက ကူညီဖော်ဆောင်ပေးနေသည်ဟု ကြားသိရ၍ ဝမ်းသာနေမိပါသည်။

သို့ဆိုရာ သမဝါယမက ဘာတွေလုပ်ပေးနေသလဲဟု စောကြောမိပြန်သည်။ သမဝါယမအသင်းများပိုင် လယ်ယာသုံးစက်ကိရိယာများဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု၊ ၁၃၂ မြို့နယ်တွင် သမဝါယမအသင်းပိုင် ထွန်စက် ၄၅၂ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၁၁၂ စီး၊ ကောက်စိုက်စက် ၂၄ စီး၊ မျိုးစေ့ချစက် အစီး ၄၀ တို့ဖြင့် သီးနှံများ ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေး နွေ၊ မိုး၊ ဆောင်း အချိန်မရွေး လယ်ယာဝန်ဆောင်မှု ပေးနေသဖြင့် မြေပြင်ရှိ လယ်ယာလုပ်ငန်းခွင်များမှ တောင်သူများ လက်တွေ့ခံစားနေကြရပါသည်။

**လယ်ယာသုံးစက်ကိရိယာ ဝယ်ယူသုံးစွဲခွင့်**

သမဝါယမအသင်းပိုင် လယ်ယာသုံးစက်ကိရိယာများဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပေးသလို မိမိတို့ တစ်ဦးချင်းပိုင်အနေဖြင့် ဝယ်ယူလိုသူများကိုလည်း အသင်းသား တောင်သူတစ်ဦးချင်း စိတ်ကြိုက်ဝယ်ယူခွင့်ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိနေခြင်းကြောင့် စက်ဝယ်ယူလိုသူ တောင်သူများက သမဝါယမဦးစီးဌာနသို့ စုံစမ်းမေးမြန်းမှုများ ရှိနေကြသည်ဟု ကြားသိရပါသည်။ (၆၂)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမ လယ်ယာဝန်ဆောင်မှု သရုပ်ပြရှင်းလင်းပွဲများကို နေပြည်တော်တွင် လေးကြိမ်နှင့် မန္တလေးတိုင်းဒေသကြီးတွင် တစ်ကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် တောင်သူများလိုအပ်သော လယ်ယာသုံးစက်ကိရိယာ ဝယ်ယူသုံးစွဲခွင့်ရရှိရေး အစိုးရ-တောင်သူ - စက်ရောင်းကုမ္ပဏီတို့ ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ခြင်း၏ ရလဒ်ကောင်းဟု ဆိုချင်ပါသည်။

လုံလောက်သော အရင်းအနှီးမရှိသေးသော်လည်း စက်ပိုင်ရှင်ဖြစ်ရန် အခွင့်ကောင်းကို တောင်သူများ ဆုပ်ကိုင်နိုင်ရန် သမဝါယမဦးစီးဌာနအနေဖြင့် စက်ဝယ်ယူလိုသည့် တောင်သူများအား ယင်းတို့နေထိုင်ရာကျေးရွာရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ အသင်းသားအဖြစ် ပါဝင်စေခြင်း၊ အသင်းမဖွဲ့ရသေးသည့် ကျေးရွာများမှ လုပ်ချင်ကိုင်ချင်စိတ်ရှိ၍ စိတ်ဆန္ဒတူသူ တောင်သူများအား လယ်ယာဝန်ဆောင်မှုသမဝါယမအသင်းဖွဲ့စည်းပေးခြင်း၊ ၎င်းတို့လိုအပ်သော စက်ကိရိယာများကို စက်ရောင်းကုမ္ပဏီများနှင့် ချိတ်ဆက်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများအတွက် နှစ်ရှည်အရစ်ကျပေးဆပ်စနစ်ဖြင့် JICA (နှစ်ဆင့်ချေးငွေ) Two Step Loan ရရှိနိုင်ရေး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိနေခြင်းက သမဝါယမဆိုသည့် အဓိပ္ပာယ်နှင့်အညီ အတူတကွ ပူးပေါင်းဆောင်ရွက်ပေးနေခြင်းကို ပုံဖော်နေခြင်းဟု ဆိုချင်ပါသည်။ ယင်းသို့ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ၁-၃-၂၀၂၄ ရက်နေ့အထိ ဖော်ပြပါဇယားအတိုင်း တောင်သူများလိုအပ်သော ထွန်စက် ၂၁ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ကိုးစီး၊ ဆက်စပ်ပစ္စည်း ငါးခုတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်-



သမဝါယမ လယ်ယာဝန်ဆောင်မှုသရုပ်ပြပွဲကို ဖေဖော်ဝါရီလက ပျဉ်းမနားမြို့နယ်၌ ကျင်းပစဉ်။

**စက်မောင်းကျွမ်းကျင်နှင့် စက်ပြင်သင်တန်းများ**

သမဝါယမဦးစီးဌာနအနေဖြင့် စက်ကိရိယာဝယ်ယူခွင့်ရရှိသော တောင်သူများနှင့် စက်ကိုမောင်းနှင်အသုံးပြုမည့်သူများအတွက် "စက်မောင်းကျွမ်းကျင်နှင့် စက်ပြင်သင်တန်း" များကိုလည်း စက်မှုလယ်ယာဦးစီးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း၍ ဖွင့်လှစ်ပေးသွားမည်ဟု သိရှိရသဖြင့် တောင်သူလိုအင်ကို သမဝါယမက တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ဟု မှတ်ယူရမည်ဖြစ်ပေသည်။

After Sale Service အပိုင်းကိုလည်း သက်ဆိုင်ရာ စက်ရောင်းကုမ္ပဏီများက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါ ကုမ္ပဏီများအနေဖြင့်လည်း တောင်သူလိုအပ်သော စက်ကိရိယာများကို Stock လက်ကျန်အပေါ်မူတည်ပြီး ချက်ချင်းဆောင်ရွက်ပေးနိုင်မှု၊ တောင်သူလိုချင်သော်လည်း ထပ်မံတင်သွင်းရမည့် စက်ကိရိယာများကို အမြန်ဆုံးတင်သွင်း၍ ဖြည့်ဆည်းဆောင်ရွက်နိုင်မှုတို့ကို အားကြိုးမာန်တက် ဆောင်ရွက်ပေးလျက် ရှိနေပါသည်။

| စဉ် | အမျိုးအစား | ကုမ္ပဏီ | စီးရေ | ဝယ်ယူမည့်စနစ် | |
|---|---|---|---|---|---|
| | | | | ကုမ္ပဏီ | ဘဏ်ချိတ် |
| | **နေပြည်တော်ပြပွဲ** | | | | |
| ၁ | ထွန်စက် | John Deere | ၂ | - | ၂ |
| | | ရွှေထွန်း | ၄ | ၄ | |
| | | ဂွတ်ဘရားသား(ကူဘိုတာ) | ၁၀ | ၂ | ၈ |
| | **မန္တလေးပြပွဲ** | | | | |
| ၂ | ထွန်စက် | ဂွတ်ဘရားသား(ကူဘိုတာ) | ၅ | - | ၅ |
| | **ပေါင်း** | | ၂၁ | ၆ | ၁၅ |
| ၃ | ရိတ်သိမ်းခြွေလှေ့စက် | ရွှေထွန်း | ၄ | ၄ | - |
| | | ဂွတ်ဘရားသား(ကူဘိုတာ) | ၅ | - | ၅ |
| | **ပေါင်း** | | ၉ | ၄ | ၅ |
| | **နေပြည်တော်ပြပွဲ** | | | | |
| ၄ | အင်ဂျင် | ရွှေထွန်း | ၁ | ၁ | |
| ၅ | ထယ် | ရွှေထွန်း | ၂ | ၂ | |
| ၆ | ဂေါ် | ရွှေထွန်း | ၂ | ၂ | |
| | **ပေါင်း** | | ၅ | ၅ | |

**မှတ်ချက်။ ။ ထွန်စက်(၂၁)စီး { ဘဏ်စနစ်(၁၅)စီး၊ ကုမ္ပဏီအစီအစဉ် (၆)စီး } ရိတ်/ခြွေ (၉)စီး {ဘဏ်စနစ် (၅)စီး၊ ကုမ္ပဏီအစီအစဉ် (၄)စီး} အင်ဂျင်နှင့် ဆက်စပ်(၅)ခု ရွှေထွန်းကုမ္ပဏီမှ ကုမ္ပဏီအစီအစဉ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။**

ကျပ်သိန်း ၇၀၀ တန် ထွန်စက်၊ ကျပ်သိန်း ၁၀၀၀ တန် ရိတ်သိမ်းခြွေလှေ့စက်ကို ဝယ်ယူရန် သမဝါယမက ဘာတွေလုပ်ပေးမှာလဲဆိုသည့် မေးခွန်းကရှေ့တန်းရောက်လာပါသည်။ အသင်းသား တောင်သူတစ်ဦးသည် ကျပ် ၇၉၆ သိန်း တန်ဖိုးရှိ ဂွန်ဒီးယား 55 HP ကို ဝယ်ယူမည်ဆိုကြပါစို့။ အသင်းသားက ယင်းငွေကို တစ်လုံးတစ်ခဲတည်း မပေးချေနိုင်။ မိမိအမည်ပေါက် ပုံစံ(၇)ကလည်း ၁၀ ဧက မရှိလျှင် မိသားစု၊ ဆွေမျိုးသားချင်းများနှင့် သမဝါယမအသင်းဖွဲ့၍ ယင်းအသင်းသားများ၏ လယ် ၁၀ ဧက ပြည့်မီအောင် ညှိနှိုင်းပေါင်းစပ်ပေးပါသည်။ အကယ်၍ ပုံစံ(၇)ပိုင်ဆိုင်မှု တစ်ဦးတည်းအမည်ပေါက် ၁၀ ဧကရှိလျှင် ထိုသူကို စက်ရောင်းကုမ္ပဏီနှင့်ချိတ်ဆက်ပြီး တောင်သူစိတ်ကြိုက် အဆိုပါထွန်စက်ကို ဝယ်ယူနိုင်မည်ဖြစ်ပါသည်။

ယင်းသို့ဝယ်ယူရာတွင် တောင်သူအနေဖြင့် ချေးငွေပမာဏ၏ ၃၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် စုဆောင်းအပ်နှံထားခြင်းနှင့် အာမခံအဖြစ် ၁၀ ဧက အမည်ပေါက် ပုံစံ(၇)ကို ဘဏ်သို့အပ်နှံထားရမည် ဖြစ်ပါသည်။ ဘဏ်ကလည်း တောင်သူဝယ်ယူသွားသော စက်တန်ဖိုးကို သက်ဆိုင်ရာစက်ရောင်းကုမ္ပဏီသို့ ထုတ်ပေးနိုင်ရေး သမဝါယမက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ဘဏ်အနေဖြင့် ချေးငွေသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိသော JICA နှစ်ဆင့်ချေးငွေများကို တစ်ဦးချင်းဆိုလျှင် ကျပ်သိန်း ၇၀၀ အထိ လည်းကောင်း၊ အစုအဖွဲ့ဆိုလျှင် ကျပ်သိန်း ၅၀၀၀ အထိ လည်းကောင်း ထုတ်ချေးပေးပြီး ချေးငွေအပေါ် တစ်နှစ်လျှင် ငါးရာခိုင်နှုန်းအတိုးရယူခြင်းနှင့် တောင်သူစုဆောင်းအပ်နှံငွေအပေါ်တွင် တစ်နှစ်လျှင် ငါးရာခိုင်နှုန်းအတိုးပေးလျက်ရှိကြောင်း သိရပါသည်။

**ချေးငွေကာလ ငါးနှစ်အထိ ရယူနိုင်**

စက်ဝယ်ယူရရှိပြီးသော တောင်သူအနေဖြင့် တစ်နှစ်လျှင်တစ်ကြိမ် ဘဏ်ကသတ်မှတ်ထားသည့် ပမာဏကို ပေးသွင်းရမည်ဖြစ်ပြီး ချေးငွေကာလ ငါးနှစ်အထိ ရယူနိုင်ပါသည်။ ထွန်ယက်၊ ရိတ်သိမ်းခြင်းမှရငွေများဖြင့် ဘဏ်သို့ အရစ်ကျပေးဆပ်ရမည်ဖြစ်ပြီး ဝင်ငွေကောင်းသဖြင့် သတ်မှတ်ကာလထက်စော၍ ပြန်လည်ပေးဆပ်မည်ဆိုပါကလည်း ဆပ်နိုင်ပါသည်။

စက်ရောင်းကုမ္ပဏီများဘက်မှလည်း သမဝါယမလယ်ယာဝန်ဆောင်မှု အသင်း/အသင်းသားများအတွက် ဘဏ်နှင့်ချိတ်ဆက်ခြင်းမဟုတ်ဘဲ သက်ဆိုင်ရာကုမ္ပဏီနှင့် တိုက်ရိုက်ချိတ်ဆက်ဝယ်ယူလိုပါက စက်တန်ဖိုး ၅၀ ရာခိုင်နှုန်းကို လက်ငင်းပေးချေပြီး ကျန် ၅၀ ရာခိုင်နှုန်းကို တစ်နှစ်နှစ်ကြိမ်ခွဲ၍ အရစ်ကျပေးဆပ်နိုင်အောင် သမဝါယမက ကြားဝင် ကူညီချိတ်ဆက်ပေးလျက်ရှိပါသည်။ စက်ဝယ်ယူလိုသူ တောင်သူများ၏ တင်ပြချက်အရ စက်ကိရိယာအမျိုးအစားပေါ်တွင် စွဲလမ်းမှုကြီးနေသည်ကိုလည်း တွေ့ရပါသည်။ ပမာဆိုရလျှင် ကူဘိုတာ 60HP နှင့်အထက် ထွန်စက်ကိုရမှပဲ ဝယ်လိုကြသည်များလည်းရှိကြရာ သက်ဆိုင်ရာကုမ္ပဏီအနေဖြင့်လည်း ပြည်ပနိုင်ငံမှ တင်သွင်းရမည့်အခြေအနေဖြစ်သည့်အတွက် **စာမျက်နှာ ၁၉ သို့** ❖

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ကွန်ပျူတာသင်တန်း ဖွင့်လှစ်

**နေပြည်တော် မတ် ၁၁**

ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်ကို အကျိုးရှိရှိအသုံးချ၍ အသိပညာဗဟုသုတတိုးပွားပြီး ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများအား စနစ်တကျကိုင်တွယ် အသုံးပြုတတ်စေရန်နှင့် ကွန်ပျူတာနည်းပညာများအား အခြေခံတတ်ကျွမ်းနားလည်စေရန် ရည်ရွယ်၍ ကွန်ပျူတာသင်တန်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ အောင်ဆန်းခန်းမ၌ ဖွင့်လှစ်ခဲ့ရာ တိုင်းမှူးဗိုလ်မှူးချုပ် စိုးမင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားသင်တန်းသူများအတွက် သင်ထောက်ကူပစ္စည်းများနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များ၌လည်း တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအား အဆိုပါ သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# တာပေါက်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**မိုင်းယောင်း မတ် ၁၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဟောင်ကြန့်ကျေးရွာအုပ်စု တာပေါက်ကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုး၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာမြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တာပေါက်ကျေးရွာတွင် အရှည် ပေ ၄၈၀၊ အကျယ် ၁၂ပေ၊ ဒုခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းစီမံကိန်းကို အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၁၂ သန်း၊ ကျေးရွာလူထုထည့်ဝင်ငွေ ၅ ဒသမ ၈၈ သန်း စုစုပေါင်း ငွေကျပ် ၁၇ ဒသမ ၈၈ သန်းဖြင့် ခရိုင်/မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ တတိယအပတ်မှ စတင်ကာ ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**၂၂၂**

# တောင်ကြီးမြို့ မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်

**တောင်ကြီး မတ် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ဈေးပိုင်းရပ်ကွက်ရှိမြို့မဈေးကြီး၌ မတ် ၉ ရက်နံနက် ၉ နာရီက မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် လက်တွေ့ဇာတ်တိုက် သရုပ်ပြလေ့ကျင့်သည့် အခမ်းအနားကျင်းပသည်။

ဦးစွာ တောင်ကြီးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမြင့်သန်းက ဈေးသူ ဈေးသားများနှင့် ဒေသခံပြည်သူများကို မီးလောင်မှုအခြေခံသဘောတရားများ၊ မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုပုံများ၊ မီးဘေးကြိုတင်ကာကွယ်ရေးအကြောင်းကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် မီးလောင်မှုဖြစ်ပွားခြင်း အမျိုးမျိုးတို့ကို မီးသတ်ဆေးဘူးများ၊ မီးငြိမ်းသတ်အကူပစ္စည်းများဖြင့် လက်တွေ့သရုပ်ပြငြိမ်းသတ်ခြင်းများဆောင်ရွက်ပြီး ဈေးအတွင်းမီးလောင်မှုဖြစ်ပွားပါကအလျင်အမြန်မီးငြိမ်းသတ်နိုင်ရေးအတွက် နေရာယူခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုခြင်းနှင့် ရေဖျန်းခြင်းတို့ကို လက်တွေ့သရုပ်ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိုးလင်း(တောင်ကြီး)**



**○ လီဗာပူးအသင်းမှ**

လာရောက်ကစားခဲ့ရတဲ့ မန်စီးတီးအသင်းက ပထမပိုင်း ပွဲကစားချိန် ၂၃ မိနစ်မှာ နောက်တန်းကစားသမား ဂျွန်စတုန်းရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၅၀ မှာ အယ်လ်လစ်စတာရဲ့ ပင်နယ်တီ သွင်းဂိုးရရှိခဲ့လို့ လီဗာပူးအသင်းက ချေပဂိုးရရှိခဲ့တာဖြစ်ပါတယ်။

ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးက အသင်းတွေဖြစ်တဲ့ အာဆင်နယ်အသင်း၊ လီဗာပူးအသင်း၊ မန်စီးတီးအသင်းနဲ့ အက်စ်တွန်ဗီလာအသင်းတို့ ပရီမီယာလိဂ်ပွဲစဉ်(၂၈) ယှဉ်ပြိုင်ကစားပြီးချိန်မှာ အာဆင်နယ်အသင်းက လီဗာပူးအသင်းနဲ့အတူ ရမှတ် ၆၄ မှတ်ရရှိခဲ့ပေမယ့် ဂိုးကွာခြားချက် ခုနစ်ဂိုး အသာရှိခဲ့တာကြောင့် ဇယားထိပ်မှာ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းကတော့ လီဗာပူးအသင်းနဲ့ပွဲစဉ်မှာ သရေတစ်မှတ်သာရရှိခဲ့လို့ ရမှတ် ၆၃ မှတ်နဲ့ အမှတ်ပေးဇယားတတိယနေရာမှာ ရပ်တည်နေပြီး အက်စတွန်ဗီလာအသင်းက ရမှတ် ၅၅ မှတ်နဲ့ အဆင့်(၄) နေရာမှာ ရပ်တည်နေတာလည်းဖြစ်ပါတယ်။ **ငွေကြယ်**

❖ စာမျက်နှာ ၁၈ မှ

လတ်တလောမရနိုင်သေးကြောင်း ရှင်းပြသော်လည်း ကူဘိုတာမှကူဘိုတာအစွဲရှိနေကြသူများအတွက် လအနည်းငယ်စောင့်ဆိုင်းရမည့် အနေအထားဖြစ်ကြောင်း သိရှိရပါသည်။ စက်မှုလယ်ယာကူးပြောင်းရေး၊ ရာသီသီးနှံအချိန်မီစိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း ပြည့်မီနိုင်ရေးတို့အတွက် တောင်သူလိုအပ်သော လယ်ယာသုံးစက်ကိရိယာများကို ဦးစားပေးတင်သွင်းရောင်းချပေးနိုင်ရေးကို ဆောင်ကြဉ်းပေးသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

> **သမဝါယမလယ်ယာဝန်ဆောင်မှုသရုပ်ပြပွဲများတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျေးရွာနေတောင်သူများအနေဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိသည့်နေရာများတွင် မိုးသီးနှံအပြီး ဆောင်းသီးနှံ၊ ဆောင်းသီးနှံအပြီး နွေသီးနှံ၊ သီးထပ်သုံးသီး စိုက်ပျိုးနိုင်ပါက တစ်မိသားစုချင်း ဝင်ငွေများတိုးပွားလာမည်ဖြစ်သည့်အတွက် ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို တိုးချဲ့စိုက်ပျိုးကြပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့် စိုက်ပျိုးရေးနည်းစနစ်များအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်းတို့အတွက် လိုအပ်သော ထွန်စက်၊ အစေ့ချစက်နှင့် ရိတ်သိမ်းခြွေလှေ့စက်များအသုံးပြုရန် လိုအပ်ပါကြောင်း၊ အဆိုပါစက်များကို တစ်ဦးချင်းတစ်ယောက်ချင်း ဝယ်ယူအသုံးပြုနိုင်ခြင်းမရှိပါက အသင်းအဖွဲ့အနေဖြင့် စုဖွဲ့ဝယ်ယူနိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမဦးစီးဌာနတို့ပူးပေါင်းပြီး သက်သာသောအတိုးနှုန်းဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးမည်**

သမဝါယမလယ်ယာဝန်ဆောင်မှု သရုပ်ပြပွဲများတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက **ကျေးရွာနေတောင်သူများအနေဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိသည့်နေရာများတွင် မိုးသီးနှံအပြီး ဆောင်းသီးနှံ၊ ဆောင်းသီးနှံအပြီး နွေသီးနှံ၊ သီးထပ်သုံးသီး စိုက်ပျိုးနိုင်ပါက တစ်မိသားစုချင်း ဝင်ငွေများတိုးပွားလာမည်ဖြစ်သည့်အတွက် ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို တိုးချဲ့စိုက်ပျိုးကြပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့် စိုက်ပျိုးရေးနည်းစနစ်များအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်းတို့အတွက် လိုအပ်သော ထွန်စက်၊ အစေ့ချစက်နှင့် ရိတ်သိမ်းခြွေလှေ့စက်များ အသုံးပြုရန်လိုအပ်ပါကြောင်း၊ အဆိုပါစက်များကို တစ်ဦးချင်းတစ်ယောက်ချင်း ဝယ်ယူအသုံးပြုနိုင်ခြင်းမရှိပါက အသင်းအဖွဲ့အနေဖြင့် စုဖွဲ့ဝယ်ယူနိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမဦးစီးဌာနတို့ ပူးပေါင်းပြီး သက်သာသောအတိုးနှုန်းဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း** လမ်းညွှန်ပြောကြားမှုများကလည်း တောင်သူလိုအင်၊ လိုအပ်ချက်များကို သမဝါယမကဏ္ဍမှ တစ်ဖက်တစ်လမ်းကူညီပံ့ပိုးပေးနေမှုများဟု မှတ်ယူရမည်ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုရလျှင် လယ်ယာဝန်ဆောင်မှုအထောက်အကူပြု သမဝါယမအသင်းများအနေဖြင့် ကျေးလက်နေတောင်သူများ ရာသီသီးနှံများကို အချိန်မီစိုက်ပျိုးနိုင်ရေး၊ စုပေါင်းထွန်ယက်၊ စုပေါင်းစိုက်ပျိုး၊ စုပေါင်းရိတ်သိမ်းနိုင်ရေး လယ်ယာသုံးစက်ကိရိယာများဖြင့် လယ်ယာဝန်ဆောင်မှုများ ဆောင်ကြဉ်းပေးနေခြင်းအပြင် ယခုကဲ့သို့ တောင်သူစိတ်ကြိုက် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူရရှိနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးခြင်းကို နိုင်ငံတစ်ဝန်း တိုးချဲ့လုပ်ဆောင်ပေးခြင်းဖြင့် မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ စက်မှုလယ်ယာစနစ်များ ကျယ်ပြန့်လာခြင်း၊ လယ်ယာထုတ်ကုန်သီးနှံများ တိုးမြှင့်ထုတ်လုပ်လာနိုင်ခြင်း၊ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့လာနိုင်ခြင်းနှင့် သီးနှံအထွက်နှုန်း တိုးလာခြင်းကြောင့် တောင်သူများ ဝင်ငွေတိုးပွားလာကာ ယင်းတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်နေမိပါတော့သည်။ ။

# တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**တာချီလိတ် မတ် ၁၁**

တာချီလိတ်ကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၂ ရက်မှ ၈ ရက်အထိ ပြောင်း ၁၄၇၄၆ ဒသမ ၆၄၃ တန်၊ ကြက်သွန်နီ ၁၈၀ ဒသမ ၇၅၀ တန်၊ လိမ္မော်သီး ၁၈၄ ဒသမ ၈ တန်၊ ထောပတ်သီး ၃၀၂ တန်၊ ငရုတ်သီးခြောက် ၁၃ တန်၊ Manganese Dioxide တန် ၃၀၀၊ တံမြက်စည်း ၁၃၀ ဒသမ ၉ တန်၊ စက္ကူဖြတ်စ ၂၀၂ တန်နှင့် ပလတ်စတစ်ဖြတ်စ ၁၀ တန် တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် မတ် ၂ ရက်မှ ၈ ရက်အထိ ဘိလပ်မြေ၊ လယ်ထွန်စက်များ၊ စက်နှင့် စက်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်းများ၊ သုတ်ဆေး၊ ပေါလစ်များ၊ ပလတ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ အခြားစက္ကူများ၊ ဆပ်ပြာ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် အခြားပစ္စည်းများ တင်သွင်းခဲ့သည်။



# ဂန္ဓမာပန်းစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

**ကျွန်းလှ မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ အပိုဝင်ငွေရရှိရန်အတွက် ဂန္ဓမာပန်းများကို မြေအောက်ရေတင်စနစ်ဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးလာကြကြောင်း၊ ဂန္ဓမာပန်းပင်စိုက်ပျိုးမှုအနေဖြင့် တစ်လခွဲသားအရွယ်ရှိသော ဂန္ဓမာပန်းပျိုးပင်များကို ပြင်ဦးလွင်မြို့မှ ဝယ်ယူ၍ စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးသော ပန်းအမျိုးအစားများမှာ မြနှင်းဖြူမျိုး၊ စံပယ်ဖြူမျိုးနှင့် ပဲနီမျိုးများဖြစ်ပြီး စိုက်ပျိုးမှုပုံစံအနေဖြင့် မြေအကျယ်အဝန်းပေ ၆၀ ပတ်လည်တွင် မြေပေါင်တင်စနစ်၊ မြေအောက်ရေတင်စနစ်များဖြင့် စိုက်ပျိုးကာ အပင်အရေအတွက် ၂၅၀၀ ခန့် စိုက်ပျိုးနိုင်ကြောင်း သိရသည်။

ဂန္ဓမာပန်းစိုက်ပျိုးရာတွင် ပျိုးပင်ဖိုး၊ မြေပေါင်တင်ခြင်း၊ မြေပြုပြင်ခြင်း၊ သွင်းအားစု၊ ရေတင်သွင်းခြင်း၊ လုပ်သားခအပါအဝင် စုစုပေါင်းကျပ် ၁၅၀၀၀၀၀ ကုန်ကျကြောင်း၊ အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ငါးလအကြာ မတ်လတွင် စတင်ခူးဆွတ်ရောင်းချရကြောင်း၊ ဂန္ဓမာပန်းပင်ကို တစ်ခါစိုက်ပျိုးပြီး ပြုစုပျိုးထောင်နိုင်မှု အားကောင်းလျှင် မျိုးဆက်သုံးသားအထိ ချိုးယူခူးဆွတ်ရောင်းချရကြောင်း၊ တစ်ခါချိုးယူခူးဆွတ်ပြီးသည့် ဂန္ဓမာပန်းခင်းကို ဒုတိယအကြိမ် သွင်းအားစုများထည့်သွင်းပြီး ပြုစုပျိုးထောင်လျှင် သုံးလအကြာတွင် ပြန်လည်ချိုးယူခူးဆွတ်၍ ရောင်းချရကြောင်း သိရသည်။ ဈေးနှုန်းအနေဖြင့် ဂန္ဓမာပန်း တစ်စည်းလျှင် ဖောက်သည်ဈေး (လက်ကားဈေး) ကျပ် ၅၀၀ ဖြင့် တစ်ရက်လျှင် ပန်းစည်းအရေအတွက် ၁၀၀ မှ ၁၅၀ အထိ ရောင်းချရပြီး လက်လီဈေးနှုန်းအနေဖြင့် ဂန္ဓမာပန်း တစ်စည်းလျှင် ကျပ် ၈၀၀-၁၀၀၀ ဖြင့် ရောင်းချရကြောင်း၊ မြေအောက်ရေတင်စနစ်ဖြင့် ဂန္ဓမာပန်း တစ်ခါစိုက်ပျိုးလျှင် တစ်လခွဲခန့်ကြာအောင် ခူးဆွတ်ရောင်းချရ၍ အကျိုးအမြတ်အနေဖြင့် ကျပ် ၁၃၅၀၀၀၀ ခန့်ရရှိကြောင်း ဂန္ဓမာပန်းစိုက်တောင်သူများထံမှ သိရသည်။

# မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်းများ ကျဆင်း၍ အရောင်းအဝယ်ဖြစ်

**မုံရွာ မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် ဖေဖော်ဝါရီလ တတိယပတ်တွင် ကွမ်းတစ်ပိဿာလျှင် အရည်အသွေးအပေါ်မူတည်၍ ငွေကျပ် ၆၀၀၀-၉၀၀၀ ဈေးနှုန်းများဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် ငွေကျပ် ၅၀၀၀-၇၀၀၀ ဈေးနှုန်းများဖြင့်လည်းကောင်း၊ မတ်လ ပထမပတ်တွင် ငွေကျပ် ၃၀၀၀-၄၀၀၀ ဈေးနှုန်းများဖြင့်လည်းကောင်း ရောင်းချလျက်ရှိကြောင်း၊ ဆောင်းအကုန်နွေအကူး နွေဦးရာသီအချိန်တွင် ကွမ်းအထွက်နှုန်းများ တိုးလာပြီး ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှုများပြားကာ ဈေးနှုန်းများကျဆင်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**



# မကွေးနှင့် ရေနံချောင်းမြို့တို့ရှိ ကြက်သွန်နီ အရောင်းအဝယ်ဖြစ်မှု အခြေအနေ

**မကွေး မတ် ၁၁**

မကွေးတိုင်းဒေသကြီး မကွေးဈေးကွက်အတွင်းသို့ စားဖိုဆောင်သုံး သီးနှံတစ်မျိုးဖြစ်သည့် ကြက်သွန်နီများ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ကြက်သွန်နီတစ်ပိဿာလျှင် ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ကျပ် ၂၆၀၀-၂၇၀၀-၂၈၀၀ ဖြင့်လည်းကောင်း၊ မတ်လပထမပတ်တွင် ကျပ် ၁၆၀၀-၂၂၀၀-၂၄၀၀ ဖြင့် လည်းကောင်း ဈေးနှုန်းအနည်းငယ်ကျဆင်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကြက်သွန်နီများကို ပွဲရုံများမှတစ်ဆင့် မင်းဘူး၊ သရက်၊ ကံမ၊ နတ်မောက်၊ ငဖဲမြို့တို့သို့ တင်ပို့ရောင်းချကြပြီး တစ်ရက်လျှင် ပိဿာချိန် ၁၀၀၀ ခန့်၊ တစ်ပတ်လျှင် ကိုးတန်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပွဲရုံများမှ သိရသည်။

ရေနံချောင်းဈေးကွက်တွင်လည်း ဒေသထွက်ကုန်ဖြစ်သော ကြက်သွန်နီများ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ကြက်သွန်နီတစ်ပိဿာလျှင် ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ကျပ် ၁၈၀၀-၂၅၀၀-၂၈၀၀ ဖြင့်လည်းကောင်း၊ မတ်လ ပထမပတ်တွင် ကျပ် ၁၆၀၀-၂၂၀၀-၂၄၀၀ ဖြင့်လည်းကောင်း ဈေးနှုန်းအနည်းငယ်ကျဆင်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကြက်သွန်နီများကို ပွဲရုံများမှတစ်ဆင့် ရန်ကုန်၊ ပြည်၊ အောင်လံမြို့တို့သို့ တင်ပို့ရောင်းချကြပြီး တစ်နေ့လျှင် ပိဿာချိန် ၁၀၀၀၀ ခန့်၊ တစ်ပတ်လျှင် ၉၇ တန်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပွဲရုံများမှ သိရသည်။

**၁၁.၃.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ**

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၅၀၀ | | ၆၉၀၀ | ၁၆၀၀၀ | ၆၃၀၀ | ၁၈၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၃၀၀ | ၁၀၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၀၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၇၅၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၇၀၀ | ၁၅၀၀၀ | ၅၉၀၀ | ၁၃၀၀၀ | ၃၃၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၂၁၅ | ၁၃၅၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၃၀၀ | | ၆၉၀၀ | ၁၇၀၀၀ | ၅၉၃၀ | ၁၃၅၀၀ | ၃၅၀၀ | ၁၉၅၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၅၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၂၀၀ | ၁၆၀၀၀ | ၅၉၅၀ | ၁၃၃၀၀ | ၃၆၀၀ | ၁၉၆၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၃၀၀ | ၄၀၀၀ | ၃၄၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၁၀ | ရန်ကုန် | ၃၈၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၄၁၅ | ၁၅၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၄၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၆၅၀ | | ၅၃၅၀ | ၁၆၀၀၀ | ၅၆၃၀ | ၉၅၀၀ | ၃၀၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၇၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၇၅၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၀၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၀၀၀ | ၄၀၀၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၄၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၅၀၀ | ၆၈၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၁၇၅၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၅၀၀ | ၃၅၀၀ | ၂၄၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၅၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၂၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | | ၆၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၃၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၇၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀ | ၇၅၀၀ | ၆၆၀၀ | ၃၇၀၀ | ၂၈၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၆၅၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၅၅၀ | ၁၃၀၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၆၅၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၅၅၀ | ၁၅၀၀၀ | ၂၈၀၀ | ၁၆၅၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၂၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၈၀၀ | ၄၀၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၃၀၀၀ |

## ပုဂ္ဂလိကသစ်တောစိုက်ခင်းများ မြေငှားရမ်းခပေးသွင်းခြင်းဆိုင်ရာ အသိပေးကြေညာချက်

သစ်တောမြေအတွင်း ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခွင့်ရရှိကြသည့် ကုမ္ပဏီ/ လုပ်ငန်းရှင်/ အဖွဲ့အစည်းများအနေဖြင့် ပုဂ္ဂလိကသစ်တော စိုက်ခင်း အမျိုးအစားအလိုက် မြေငှားရမ်းခများကို သတ်မှတ်နှုန်းထားများအတိုင်း နှစ်စဉ်ဘဏ္ဍာနှစ်အတွင်း ပေးသွင်းရမည်ဖြစ်ပါ၍ အမြန်ဆုံးပေးသွင်းကြပါရန်နှင့် ဘဏ္ဍာနှစ်အတွင်း ပေးသွင်းခြင်းမရှိပါက ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ စာချုပ်ပါစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ ကုမ္ပဏီ/ လုပ်ငန်းရှင်/ အဖွဲ့အစည်းများအနေဖြင့် (၁၅-၃-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ရှိရာ ခရိုင်/ မြို့နယ် သစ်တောဦးစီးဌာနများသို့ ဆက်သွယ်ပေးသွင်းကြရန် အသိပေးကြေညာအပ်ပါသည် -

ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာန
ဖုန်း-၀၉-၄၂၀၀၁၄၆၄၇

**ပုဂ္ဂလိကသစ်မာ မြေငှားရမ်းခ/ဒဏ်ကြေးငွေ(ပေးသွင်းရန်ကျန်)**

| စဉ် | အမည် | ကြိုးဝိုင်း/ အကွက်အမှတ် | ဧက |
|---|---|---|---|
| ၁ | ဦးလှထွန်း (လိပ်စာမရှိ) | မာဂရီ(၈) | ၂ |
| ၂ | ဒေါ်မျိုးပပစိုး (လိပ်စာမရှိ) | တောင်လှိုင်(၁၆) | ၂၂ |
| ၃ | ဦးဝေမောင် အခန်း(၃၀၄)၊ အေ/တိုက်(၁၈)၊ (၉)လမ်း၊ ယုဇနဥယျာဉ်မြို့တော် | တောင်လှိုင်(၁၇) | ၁၇ |
| ၄ | ဒေါ်ခင်မမ (လိပ်စာမရှိ) | ဥက္ကံ(၃၂) | ၁၀၀ |
| ၅ | ဦးသက်အောင် အမှတ်(၄၄၈)၊ မေတ္တာ(၂)လမ်း၊ (၃)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် | မာဂရီ(၉) | ၂၀ |
| ၆ | ဦးထွန်းထွန်းဇော် တိုက်(၂)၊ အခန်း(၃၀၄)၊ အေးရိပ်မွန်(၁)လမ်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ် | လှိုင်ရိုးမ(၂)(၂၈) | ၃ |
| ၇ | ဒေါ်ခင်စန်းဝင်း တိုက်(၂၁)၊ အခန်း(၃၀၄)၊ အေးရိပ်မွန်(၁)လမ်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ် | လှိုင်(၂)(၂၈) | ၄ |
| ၈ | ဗိုလ်ကြီးရွှေဖြူ(ငြိမ်း) အိမ်အမှတ်၊ ည/၁၃၊ မင်္ဂလာလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ် | ကလီထော်(၁၀၃) | ၃၀ |
| | | ရန်ကုန်မြောက်ပိုင်းခရိုင်ပေါင်း | ၁၉၈ |

**ပုဂ္ဂလိကရော်ဘာ/ စက်မှုကုန်ကြမ်း မြေငှားရမ်းခ/ ဒဏ်ကြေးငွေ(ပေးသွင်းရန်ကျန်)**

| စဉ် | အမည် | ကြိုးဝိုင်း/ အကွက်အမှတ် | ဧက |
|---|---|---|---|
| ၁ | ဦးအောင်ဆန်း (လိပ်စာမရှိ) | မာဂရီ(၃၀) | ၅၀ |
| ၂ | ဦးသန်းအောင် (လိပ်စာမရှိ) | မာဂရီ(၂၉၊ ၃၀) | ၅၀ |
| ၃ | ဦးကြည်မင်း (လိပ်စာမရှိ) | မာဂရီ(၂၉၊ ၃၀) | ၁၀ |
| ၄ | ဦးသိန်းစိန် (လိပ်စာမရှိ) | မာဂရီ(၂၉၊ ၃၀၊ ၃၇) | ၂၀ |
| ၅ | ဦးညွန့်တင် အမှတ်(၁၈)၊ ရွှေနှင်းဆီကျောင်းလမ်း၊ မရမ်းကုန်းမြို့နယ် | သပြု(၃၊ ၄၊ ၁၀၊ ၁၁) | ၁၀၀ |
| ၆ | ဦးကျော်သူ (လိပ်စာမရှိ) | တောင်လှိုင်(၁၈) | ၃၇.၅ |
| ၇ | ဦးမြင့်အောင် အမှတ်(၁၈၂)၊ ဝေဇယန္တာဥယျာဉ်ရိပ်သာလမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၀၉-၅၇၉၄၂၁ (ဆက်သွယ်မရ) | သပြု(၇၊ ၈) မာဂရီ(၁) | ၃၀ |
| ၈ | ရွှေအင်းဝ အမှတ်(၄၇)၊ အင်းကြင်းမြိုင်လမ်းသွယ်(၅)လမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၀၉-၅၀၁၃၅၆၇ | တောင်လှိုင် (၁၊ ၂၊ ၃၊ ၄) | ၁၀၀၀ |
| ၉ | ရွှေအင်းဝ အမှတ်(၄၇)၊ အင်းကြင်းမြိုင်လမ်းသွယ်(၅)လမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၀၉-၅၀၁၃၅၆၇ | လှိုင်ရိုးမ(၁၂) | ၂၀၀၀ |
| ၁၀ | ရွှေဖြူမိုး အမှတ်(၄၇)၊ အင်းကြင်းမြိုင်လမ်းသွယ်(၅)လမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ် | လှိုင်ရိုးမ(၂) | ၆၈၀ |
| ၁၁ | ဦးအောင်မိုးကျော် အမှတ်(၄၇)၊ အင်းကြင်းမြိုင်လမ်းသွယ် (၅)လမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ် | ဝါးနက်ချောင်း (၁၀၂၊ ၁၀၃၊ ၁၀၆) | ၁၁၄၈.၃ |
| ၁၂ | ဦးအောင်မိုးကျော် အမှတ်(၄၇)၊ အင်းကြင်းမြိုင်လမ်းသွယ် (၅)လမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ် | ဝါးနက်ချောင်း (၁၀၃) | ၁၂ |
| ၁၃ | ဒေါ်အေးအေးသန့် ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ် | ဝါးနက်ချောင်း (၁၀၁) | ၂၄ |
| ၁၄ | ဦးအောင်မိုးကျော် (စက်ရုံမြေ)၊ အမှတ်(၄၇)၊ အင်းကြင်းမြိုင်လမ်းသွယ် (၅)လမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ် | ဝါးနက်ချောင်း (၁၀၉) | ၂ |
| ၁၅ | ဦးအေးဖေ (လိပ်စာမရှိ) | ဝါးနက်ချောင်း (၁၀၁) | ၅ |
| ၁၆ | ဦးလှသန်း (လိပ်စာမရှိ) | ဝါးနက်ချောင်း (၁၀၂) | ၁၅ |
| ၁၇ | ဦးလှမျိုး အမှတ်(၈၂) (ပထမထပ်)၊ ကျောက်မြောင်းလမ်း၊ ကျောက်မြောင်း ၀၉-၄၉၃၀၃၂၂၄ (ဆက်သွယ်မရ) | ကလီထော် (၁၀၄) | ၈၀ |
| | | ရန်ကုန်မြောက်ပိုင်းခရိုင်ပေါင်း | ၅၂၆၃.၈ |

**ရောင်းမည်**
ဆရာစံ၊ ဗဟန်း 90'x 90' 2RC ဘိုးဘွား ညီနှိုင်း
ပြည်လမ်းမ(နီး) 70'x 90' 2RC ဘိုးဘွား ညီနှိုင်း
ငွေကြာရံ 3400 Sqft 3RC ဂရံ 16500 Ls
အကျိုးဆောင် - **095061004**

**ရောင်းမည်။ ။ လမ်းမတော်မြို့နယ်၊**
**ကျုံးကြီးလမ်းမပေါ် ( 30' x 60' ) RC**
**၂ထပ်ခွဲ လုံးချင်း ၊ ဂရမ်အမည်ပေါက်**
Ph :09785188161,095133841

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် (၅၄)တွင် နေထိုင်သူ ဦးအေးမင်း[၁၂/ဗဟန(နိုင်)၀၈၆၄၀၃]နှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သိမ့်ကိုကိုလှ[၁၂/လမတ(နိုင်)၀၃၇၁၅၂]တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သဖြင့် (၃-၁၁-၂၀၂၃)ရက်နေ့တွင် မြန်မာနိုင်ငံတရားရုံး၊ တရားသူကြီးရှေ့မှောက်တွင် ဥပဒေနှင့်အညီ ကွာရှင်းပြတ်စဲပြီးဖြစ်သောကြောင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်သိမ့်ကိုကိုလှ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မြတ်ကေခိုင် LL.B, DBL, DIL, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၆၄၆)**
**အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၄-လမ်း၊ အမှတ် (၆)၊ ၄- လွှာ (ယာ) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဒေါ်အဲလစ်ဇဘက် [၁၂/မဂတ (နိုင်) ၀၁၄၉၁၆]၊ ဒေါ်အယ်နီ [၁၂/မဂတ (နိုင်) ၀၁၅၄၂၈]၊ ဒေါ်ဝိတိုရီးယား [၁၂/မဂတ (နိုင်) ၁၁၆၆၄၁]၊ ဦးဖြိုးဝင်း [၁၂/မဂတ (နိုင်) ၁၂၆၆၁၆]၊ ဦးစိုးဝင်း [၁၂/မဂတ (နိုင်) ၁၁၆၂၂၃] တို့မှ တရားဝင်ပိုင်ဆိုင်ပြီး ၎င်းတို့ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းခဲ့၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လင်းလင်းလတ် [၁၂/ကတတ (နိုင်) ၀၂၇၈၃၉]က လက်ရှိထားဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ရတနာလှိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၉၆၄)**
**အမှတ် (၄၄)၊ ၁၂၂-လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၉၆၅၀၄၃၉၅၅**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးမြင့်ဇော် ၏သမီး မအေးငြိမ်းဇော်[၇/ညလပ (နိုင်) ၂၃၃၉၈၀]သည် နိုင်ငံကူးလက်မှတ် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၅၇၂၉၉၁၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်နိုင်ထွန်း [၁၃/ရစန(နိုင်)၁၂၁၇၆၅] နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

**ဖုန်း-09-751105853**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ အ.ထ.က (၄) တွင် ပညာသင်ကြားနေသော မခင်ပပမျိုး [၁၂/ဒဂတ (နိုင်)၁၅၀၈၂၆]၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုမင်း [၁၄/ကလန (နိုင်)၁၁၀၁၅၃] ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

(ဘ)ဦးတင်လှ၏သား မောင်ကျော်သူလင်း [၁၂/ခရန(နိုင်)၁၃၃၁၉၉]၏ နိုင်ငံကူးလက်မှတ် အမှတ်(MD-၀၃၆၉၈၈)ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၅၆၃၁၅၃၁**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ (မာလာလမ်း၊ ဓနသိဒ္ဓိလမ်း၊ သဒ္ဓါရုံလမ်းသွယ်)၊ မြေတိုင်းအခေါ် သမိုင်းမြို့ကွက်၊ အကွက်အမှတ်-၁၂၊ ဦးပိုင်အမှတ် (၁၇-က၊ ၁၇-ခ၊ ၁၇-ဃ၊ ၁၈-က၊ ၁၈-ခ) နှင့် အကွက်အမှတ်-၁၉၊ ဦးပိုင်အမှတ်-၂၁ တို့တွင် အကျုံးဝင်သော မြေများနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ၃၈-လမ်း၊ အမှတ်-၁၈၉ (ဒုတိယထပ်/ဝဲ)နေ ဦးအုံးမြင့် (ဘ-ဦးအုံးကြည်) [၁၂/ကတတ(ပြု)၀၀၁၁၇၅]၏ လွှဲအပ်ညွှန်ကြားချက်အရ-

၁။ အထက်ခေါင်းစီးဖော်ပြပါ မြေနှင့်အကျိုးခံစားခွင့်များကို ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး (၁၄-၃-၁၉၄၁) ရက်စွဲပါ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၁၅၅/၁၉၄၁ အရ Maului Kalimulla က ဝယ်ယူပိုင်ဆိုင်ခဲ့ပါကြောင်း၊ အိုးအိမ်ဦးစီးဌာနမြေအခွန်နှင့်မြေတိုင်းဌာန မှတ်တမ်းများအရ မော်လဝီခါလီမူလာ (မော်လဝီကာလီမူလာ) အမည်ပေါက်မှတ်သားထားရှိကြောင်း၊ အဆိုပါမြေ အကျိုးခံစားခွင့်စီမံထုခွဲရောင်းချခွင့်များနှင့်စပ်လျဉ်း၍ ဦးအုံးကြည်က ယခင်ရန်ကုန်တိုင်းတရားရုံး၊ တိုင်းတရားရုံးအမှတ် (၄) တရားမအသေးအဖွဲ့အမှုအမှတ်-၃၁၀/၁၉၇၇ (ကျောက်တံတား) ဖြင့် အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါရန် လျှောက်ထားခဲ့ရာ ခွင့်ပြုမိန့်ချမှတ်၍ ရုံးခွန်တော် ၂၅၂၅/- ထမ်းဆောင်စေပြီး အမွေထိန်းလက်မှတ်စာ ထုတ်ပေးခဲ့ကြောင်း၊ ထိုရုံးတော်တွင်ပင် ဦးအုံးကြည်က အမွေဆက်ခံရေးဥပဒေပုဒ်မ-၃၀၇ အရ ၎င်းထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော အမွေပုံပစ္စည်းအား ထုခွဲရောင်းချခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ (၁၇-၈-၁၉၇၈) ရက်စွဲပါအမိန့်ဖြင့် ခွင့်ပြုခဲ့ကြောင်း၊ အထောက်အထားများအရ တွေ့ရှိရပါသည်။

၂။ အစဉ်အဆက် အထောက်အထားများအရ မြန်မာနိုင်ငံတရားဥပဒေများအက်ဥပဒေ ပုဒ်မ ၁၃ (၁) အစ္စလာမ်တရားဥပဒေပါ အပြီးအပိုင်အပ်နှင်းသော အခွင့်အရေး (Vested Right) တို့အရ အဆိုပါ မြေအကျိုးခံစားခွင့်များနှင့်စပ်လျဉ်း၍ (ဦးအုံးကြည်) မှအပ အခြားဆွေမျိုးတော်စပ်၊ ဆက်ခံပိုင်သူ၊ အကျိုးခံစားခွင့်ရှိသူ မကျန်ရှိတော့ကြောင်း (ဦးအုံးကြည်) ကွယ်လွန်သည့်အခါ (ဦးအုံးကြည်)၏ သားသမီးများက ဆက်ခံပိုင်ဆိုင်လာကြကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

၃။ ထို့ပြင် ရောင်းဝယ်ရေးသမဝါယမအသင်းတစ်ခုက အထက်ဖော်ပြပါ မြေကွက်အတွင်းနေထိုင်သူ (၄) ဦးအပေါ် ယခင်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၃၆၂/၂၀၁၃၊ ၃၆၃/၂၀၁၃၊ ၃၆၄/၂၀၁၃၊ ၃၆၅/၂၀၁၃ တို့တွင် နှင်ထုတ်ပေးစေလိုမှုစွဲဆိုခဲ့ရာ အဆိုပါအသင်း၏ စွဲဆိုမှုများအား ပလပ်ခဲ့ပြီးဖြစ်ကြောင်း ဦးအုံးမြင့်ကိုယ်တိုင်စုံစမ်းသိရှိရပြီးဖြစ်ပါသည်။

၄။ ယခုအခါ ဦးအုံးမြင့် အနေနှင့် ၎င်းမှဆက်ခံ၊ ခံစားခွင့်ရှိသော အဆိုပါ မြေအကျိုးခံစားခွင့်များအတွက် လိုအပ်သည်များကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေများသို့ ဆက်ခံပိုင်ဆိုင်သူနှင့် သက်ဆိုင်ရာတရားရုံး၊ အစိုးရရုံးဌာန၏ တရားဝင်ခွင့်ပြုမိန့်တစ်စုံတစ်ရာမရရှိဘဲ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ဆက်ခံပိုင်ဆိုင်ခွင့်ရှိသူနှင့် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အဦဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ တစ်နည်းနည်း လွှဲပြောင်းခြင်းများ လုံးဝမပြုလုပ်ကြရန်နှင့် ထိုသို့ဆောင်ရွက်ခြင်းများသည် တရားမဝင်အတည်ဖြစ်မည်မဟုတ်ကြောင်း အလေးအနက်သတိပေးကြေညာလိုက်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ | |
|---|---|---|
| ဦးအုံးမြင့် | ဦးကျော်ငြိမ်း (ဖောင်တော်သီ) | ဒေါ်ခင်မေသန်း |
| [၁၂/ကတတ(နိုင်) | (စဉ်-၂၃၀၂) | (စဉ်-၃၂၂၈) |
| ၀၀၁၁၇၅] | B.A(Law),LL.B,D.B.L,D.M.L | LL.B,D.B.L,D.M.L,D.I.L |
| | Ph:09-5108521 | Ph:09-5015316 |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၆၂ (ပထပ်)၊ ၃၅-လမ်း (အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်ထားထားဝင်း (ဘ) ဦးအုန်းမောင်၊ ဗမာ/ဗုဒ္ဓ၊ [၁၃/တကက (နိုင်) ၀၀၇၄၈၅]၊ အမှတ် (၂/၄၆၁)၊ တပင်ရွှေထီးလမ်း၊ (၂)ရပ်ကွက်၊ နမ့်စန်မြို့ နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်အပ်ပါသည်။

နမ့်စန်မြို့၊ အမှတ် (၂)ရပ်ကွက်၊ ဦးပိုင်အမှတ် (၇၆)၊ အကွက်အမှတ် (၂၉)၊ ဧရိယာ (၀.၂၀၀)ဧကရှိသည့် ဦးဟန်ကြည် (ကွယ်လွန်)အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ခွဲစိတ်ထားခြင်းမရှိသေးသည့် မြေကွက်သည် မိသားစုအမွေဆိုင်မြေကွက်ဖြစ်သည့်အပြင် မိဘများဖြစ်ကြသည့် ဦးဟန်ကြည်၊ ဒေါ်ညွန့်ညွန့်တို့မှ မွေးဖွားသော သားသမီးမွေးချင်း (၇)ဦးရှိရာ သားဖြစ်သူ ဦးညွန့်ကြည်သည် မိဘများကွယ်လွန်ပြီးနောက် (၈-၁-၂၀၂၂)နေ့တွင် ကွယ်လွန်ခဲ့ပြီး ဇနီး ဒေါ်ထားထားဝင်းသည် မိသားစုဝင်၏ အမွေဆိုင်တစ်ဦးဖြစ်ပါသည်။

ထို့အတွက်ကြောင့် အမွေဆိုင်တစ်ဦးဖြစ်သူ ဒေါ်ထားထားဝင်း မျက်ကွယ်တွင် ယင်းမြေကွက်အား ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ အမည်ပြောင်းလျှောက်ခြင်း၊ မြေပုံမြေရာဇဝင် ကူးယူခြင်းများ မပြုလုပ်ကြရန် ကန့်ကွက်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန်းအိအိလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၁၆၇၃)**
**အမှတ် (၅၅)၊ အခန်း (၂၅)၊ ပ-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၂၅၅၁၃၇၆၇၊ ၀၉-၇၉၇၀၇၀၁၃၃၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-FMI-8၊ မြေကွက်အမှတ်-၅၇၀၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်-C-21၊ ပိတောက်ဝါ(၆)လမ်း၊ ၄-ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးဘုန်းမြင့်(CE-၀၇၈၇၁၁)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဘုန်းမြင့်(CE-၀၇၈၇၁၁)(ဖခင်)သည် (၂၄-၁-၂၀၁၃)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်မြင့်မြင့်(မိခင်)သည် (၄-၂-၂၀၁၀) ရက်နေ့တွင်လည်းကောင်း၊ ဦးအောင်နိုင်မြင့်(ညီ/ခင်ပွန်း)သည်(၁၉-၁-၂၀၂၂) ရက်နေ့တွင်လည်းကောင်းကွယ်လွန်သွားပါသဖြင့် ဦးဇော်ဝင်းမြင့်[၁၂/အစန(နိုင်) ၀၉၉၄၁၉]၊ ဒေါ်တင်မိုးသူ[၁၃/လရန(နိုင်)၀၈၈၇၅၅]တို့မှ ဖခင် ဦးဘုန်းမြင့်နှင့်မိခင် ဒေါ်မြင့်မြင့် တို့တွင် ဦးဇော်ဝင်းမြင့်၊ ဦးအောင်နိုင်မြင့်တို့(၂)ဦးကိုသာ မွေးဖွားကြောင်း၊ အခြားသောသားသမီးမွေးချင်းတစ်ယောက်မျှမရှိကြောင်း၊ အမွေစားအမွေခံ ကိတ္တိမသားသမီးမွေးဖွားထားခြင်းမရှိကြောင်း၊ ကွယ်လွန်သူဦးအောင်နိုင်မြင့်တွင် တစ်ဦးတည်းသော ဇနီးအဖြစ် ဒေါ်တင်မိုးသူ သာလျှင်ရှိကြောင်း၊ အခြားသော ဇနီးမယားတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ မြေအမည်ပေါက် ဦးဘုန်းမြင့်၊ ဒေါ်မြင့်မြင့်နှင့် ဦးအောင်နိုင်မြင့်တို့အသီးသီးကွယ်လွန်ပြီးနောက် ၎င်းတို့ (၂)ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

## မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်း
## အများသိစေရန်ကြေညာချက်(၁/၂၀၂၄)

၁။ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်းသည် ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း အားလုံးပါဝင်နိုင်သော ပွင့်လင်းမြင်သာသည့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲအတွက် အသင်းနှင့် ကင်းကွာနေသော အသင်းသား မည်သူမဆို ကင်းကွာခဲ့သောနှစ်စဉ်ကြေးများကို ပြန်လည်ပေးသွင်းပြီး အသင်းထံ ဆက်သွယ်ဆောင်ရွက်ပေးကြပါရန် ကြေညာခဲ့ပါသည်။

၂။ ယခုအခါ အသင်းသားဟောင်းများ ပိုမိုပါဝင်လာရေးအတွက်လည်းကောင်း၊ ကာလရှည်ကြာ ကင်းကွာနေသောအသင်းများအား ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးအတွက်လည်းကောင်း၊ မည်သည့်အသင်းသားမဆို ၂၀၂၄ ခုနှစ်အတွက် တစ်နှစ်စာ နှစ်စဉ်ကြေးကိုသာ ပေးသွင်းစေရန် (၂၃-၂-၂၀၂၄) နေ့တွင် ကျင်းပသော အလုပ်အမှုဆောင် အစည်းအဝေးအမှတ် (၂/၂၀၂၄)မှ ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ အကြောင်းအမျိုးမျိုးကြောင့် အသင်းနှင့်ကင်းကွာနေသော အသင်းဝင်အမှတ်ရှိသူ အသင်းသား အားလုံးမည်သူမဆို အပိုဒ်(၂)ဖော်ပြပါအတိုင်း တစ်နှစ်စာနှစ်စဉ်ကြေးကိုသာ ပေးသွင်းပြီး (၃၁-၃-၂၀၂၄) နောက်ဆုံးထား၍ အသင်းသို့ဆက်သွယ်ပေးကြပါရန် အသိပေးကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်း**

### "ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သီရိလမ်း၊ အမှတ်- ၈၃၉-A၊ တတိယထပ် (လေးလွှာ)၊ ခေါင်းရင်းခန်း ဟုခေါ်တွင်သော တိုက်ခန်းကို မိမိသာလျှင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့် ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်လှ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/အစန (နိုင်) ၁၆၄၃၈၄]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသောကြောင့် အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်ရန်နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစောကော်ထူးဝါး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၈၄/၂၀၁၈)**
**တိုက်-၉/၁၁၊ အခန်း (၃၀၂/ဘီ)၊ တတိယထပ်၊ ၃၆-လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၇၃၃၈၀၈၊ ၀၉-၂၆၃၉၉၇၄၉၉**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ဒ/၁၇)ရပ်ကွက်၊ မြေတိုင်း(၆၃)၊ ဓမ္မသုခ(၈)လမ်း၊ အမှတ် -၂၃၇၄၊ မြေအကျယ်(၄၀x၆၀)ပေ၊ ဗိုလ်ကြီးကိုကိုအောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးလွင်[၁၄/မမန(နိုင်) ၀၆၇၄၆၆]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးမိုးဇော်[၁၂/ရပသ(နိုင်)၁၃၈၀၄၈]မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးဇော် ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှဝင်းနွယ်(စဉ်-၉၆၈၉)၊ ဒေါ်အေးမြသွယ်(စဉ်-၁၃၇၆၉)**
**(တရားလွှတ်တော်ရှေ့နေများ)**
**ရှေ့နေများနားနေခန်း၊ မြို့နယ်တရားရုံးဝင်း၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၀၀၅၀၈၈၄၊ ၀၉-၄၂၁၁၇၂၁၀၁**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် 11-K ၊ မြေကွက်အမှတ် V-17/B၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၉)၊ ကျီတော်လမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးမောင်မောင်သွင်[၁၂/မဂတ(နိုင်) ၀၀၄၈၅၄]၊ ဦးမိုးသူရ[၁၂/မဂတ(နိုင်)၀၈၇၇၃၃]၊ ဒေါ်လဲ့ရည်သူ[၁၂/မဂတ(နိုင်)၁၀၂၀၈၇]၊ ဦးဖွံ့ဖြိုးသူရ[၁၂/မဂတ(နိုင်)၁၀၂၀၉၁]အမည်ပေါက်မြေအား တရားလို ကိုဆန်းမြင့်ဦးမှ တရားပြိုင် ၁။ ကိုတင်မောင်နု၊ ၂။ ကိုအောင်မြင့် တို့အပေါ် ရန်ကုန်တိုင်း တရားရုံး၊ ၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၇၉ ဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုခဲ့ရာ တရားလိုသည် ကွယ်လွန်သူ ဒေါ်သန်းမြင့် ကျန်ရစ်သော အမွေပုံပစ္စည်း၏ (၃)ပုံ (၁)ပုံကို ခွဲဝေရထိုက်ကြောင်း၊ ပဏာမဒီကရီချမှတ်ခဲ့ပါသဖြင့် (၉-၉-၂၀၀၈)ရက်စွဲပါ စီရင်ချက်(တာဝန်ခံမိတ္တူမှန်)၊ ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၇၉ ဖြင့် ၉-၉-၂၀၀၈ ရက်နေ့တွင် ချမှတ်ခဲ့သော ပဏာမဒီကရီနှင့်အညီ အမွေပုံပစ္စည်းဖြစ်ကြောင်း ၁၂-၁၁-၂၀၀၉ နေ့စွဲပါ အတည်ပြုအမိန့်အရ တရားလိုနှင့် ရုံးခွန်တော် ထမ်းဆောင်သည့် (၂)တရားပြိုင်တို့သည် ကွယ်လွန်သူ ဒေါ်သန်းမြင့် ကျန်ရစ်ခဲ့သော အမွေပုံပစ္စည်းဖြစ်သည့် ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ကျီတော်လမ်း(ကျင်းဖြဲလမ်း)၊ အမှတ်(၉)ဟုခေါ်တွင်သော ဦးပိုင်အမှတ်-၁၇၊ အကွက်နံပါတ်(၁၁/ကေ)၊ ရန်ကုန်မြို့ သိမ်ဖြူတိုက်နယ်၊ အထက်ပုဇွန်တောင်ရှိ ဧရိယာ (၅၁ x ၁၀)ပေ x (၃၁ x ၆)ပေ (၅၉x၆) ပေ x (၆၀)ပေ မြေကွက်အနောက်ဘက်အရပ်ရှိ မခွဲမစိတ်ရသေးသော ပေ(၂၀ x ၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပျဉ်ထောင်နှစ်ထပ်တိုက်အိမ် အပါအဝင် မရွှေ့ပြောင်းနိုင်သော ပစ္စည်း အကျိုးခံစားခွင့်အရပ်ရပ်၏ (၃)ပုံ (၁)ပုံ စီကို ခွဲဝေရထိုက်ကြောင်း အပြီးသတ်ဒီကရီချမှတ်ခဲ့ပါသဖြင့် (၁၈-၁၂-၂၀၁၉)ရက်စွဲပါ အမိန့်(တာဝန်ခံမိတ္တူမှန်၊ ရန်ကုန်မြို့တရားရုံးချုပ်၊ ၂၀၁၉ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ(အထူး) ၅၇ ၏ တရားမအထွေထွေလျှောက်လွှာ၊ ထူးကို ဝယ်ကြောင်းချမှတ်သည့် နေ့စဉ်မှတ်တမ်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းကြောင်း လက်မှတ်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အမြတ်ခွန်၊ တံဆိပ်ခေါင်း ငွေသွင်းချလန်၊ ခွဲစိတ်တိုင်းတာသည့် မြေပုံတို့ကို တင်ပြ၍ဦးရန် အောင်ဆန်းမှ ဂရန်ခွဲလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သစ်ယာလမ်း၊ အမှတ် (၂၂)၊ ၅-လွှာ၊ အကျယ်အဝန်း (၂၀ပေ x၆၀ပေ) ရှိ တိုက်ခန်းနှင့်ပတ်သက်သည့် ရေ၊ မီး အပါအဝင် ပိုင်ဆိုင်မှုအကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးဝေမြင့် [၉/ခအဇ(နိုင်)၀၄၆၂၀၅] ကိုင်ဆောင်သူမှ ၎င်းတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်း ကြောင်း တာဝန်ယူ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မျိုးသူ [၈/ပခက(နိုင်)၂၀၃၂၇၃]က အပြီးအပိုင် ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးအောင်မျိုးသူ**
**[၈/ပခက (နိုင်)၂၀၃၂၇၃]**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မမြသိန်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၄၇)**
**အမှတ်(၃၆)၊ မြေညီထပ်၊ အောက်ဘလောက်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၁၅၅၁၇၃၅**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၈) ရပ်ကွက်၊ ထီးလှိုင်ရှင်အိမ်ရာ၊ အာနန္ဒာလမ်း၊ (၄) ခန်းတွဲ (၅) ထပ်တိုက်၊ တိုက်အမှတ်-၂၄၊ အခန်းအမှတ်-၃၀၄၊ တတိယထပ်၊ အကျယ်အဝန်း (၈၀၀) စတုရန်းပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးကျော်မျိုးသူ [၁၂/လကန(နိုင်) ၁၇၃၉၅၅] ထံမှ အရပ်ကတိစာချုပ်ဖြင့် ဦးစိုးမိုးမြင့် [၁၂/ကမတ(နိုင်)၀၁၅၆၀၂]က လက်ရောက်ဝယ်ယူပိုင်ဆိုင်၍ အကျိုးခံစားလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေရာ ဦးစိုးမိုးမြင့်ကိုယ်စား ၎င်း၏အစ်မဖြစ်သူ ဒေါ်အေးအေးချိုမြင့် [၁၂/ကမတ(နိုင်)၀၄၄၄၃၈]က စရန်ငွေ လက်ခံရယူထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးကောလ်ဟာရဲ**
**[၄/ပလဝ(နိုင်)၀၀၀၀၃၇]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးသင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၅၃)**
**အမှတ်-၄၅ (စီ)၊ ဒုတိယထပ်၊ လမ်း(၅၀)၊**
**အောက်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၁၄၄၇၃**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် (၅၉) ပေါ်တွင် ဆောက်လုပ်ထားသည့် ၂-ခန်းတွဲ ၆-ထပ်တိုက်၏ တတိယထပ် (၄-လွှာ/A)၊ အခန်းအမှတ် (၇)၊ (တိုက်ကိုမျက်နှာမူလျှင်ယာဘက်ခြမ်း)၊ အကျယ်အဝန်း (၁၅x၅၅) ပေရှိ ရေမီးအစုံတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို (၂၉-၇-၁၉၉၂) ရက်စွဲပါ "နေအိမ်အဆောက်အဦအား ကန်ထရိုက်စနစ်ဖြင့် ဆောက်လုပ်ရန်ကတိစာချုပ်" အရ ဖခင် မြေရှင် ဦးမောင်တင်ငွေ (အေအေ-၀၁၁ ၂၂၂) ပိုင်ဆိုင်သည့်တိုက်ခန်းဖြစ်ပြီး၊ ဖခင်နှင့် မိခင် ဒေါ်ငွေသန်း [၁၂/စခန(နိုင်)၀၂၀ ၆၉၂]တို့အပါအဝင် ညီဖြစ်သူ ဦးကျော်ဇော် [၁၂/စခန(နိုင်)၀၁၉၉၉၁]တို့ အသီးသီး ကွယ်လွန်ခဲ့သဖြင့် သားကြီးဖြစ်သူ ရောင်းသူ ဦးခင်ထွန်း [၁၂/စခန (နိုင်)၀၂၀၆၄၆] မှ တစ်ဦးတည်းကျန်ရှိသဖြင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ကာ ၁၉၉၈-ခုနှစ်ကတည်းက လက်ရှိထားနေထိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံပြောဆိုပြီး ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ **ဦးဘောက်နော် [၁/မကတ (နိုင်)၁၀၇၃၅၂]က** အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**ဝယ်သူ၏ညွှန်ကြားချက်ဖြင့်**
**ဒေါ်မရန်ဂျာဆိုင်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၅၅)**
**အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၇၅၁၃၄**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ် (၃၂၁)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ဦးမောင်ရွှေ [၁၂/သဃက(နိုင်)၁၀၇၁၆၁]အမည်ပေါက်သောမြေကွက်ဖြစ်သည်။ ယင်းမြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် ခြေရင်းခြမ်းအတွင်းဘက် အကျယ်အဝန်း(၁၀ ပေ x ၆၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်(၃၂၁)၊ ကမ္ဘောဇ(၁)လမ်း၊ (၁၈/B) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှ ရောင်းချခဲ့သောကြောင့် အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ခွဲစိတ်၍ နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်မေမျိုးသူ [၁၂/ဥကတ(နိုင်) ၁၆၃၂၂၅] နှင့် ဒေါ်ခင်မေစိုး[၁၂/သဃက(နိုင်)၀၃၆၀၅၁]တို့မှ မိမိတို့သာလျှင်လက်ဝယ်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးစိန်ဝင်း[၅/ဒပယ(နိုင်)၀၂၆၀၄၇]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ ရွှေဗဟို(၂) လမ်း၊ မြေကွက်အမှတ် (၁၄၅၇/ခ)၊မြေအကျယ်အဝန်း (၂၀ပေ x ၆၀ပေ)(မြေပိုပါ) မြေချပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးစိန်မင်း[၁၂/လကန(နိုင်)၀၀၉၇၂၃]**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်ဝါဝါအောင်[၁၂/ရကန(နိုင်)၀၅၉၈၃၂]**သည် **"နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များ"**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေ ထံသို့စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B)** — **ဒေါ်စုစုလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)** — **အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၃)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်ချမ်းသာ(၁)လမ်းနှင့် ရတနာမြိုင်လမ်းကြား၊ အမှတ်-၁၁၈ ရှိ Nawarat Con၊ အခန်းအမှတ်-(Mezzanine-1)၊ အကျယ်အဝန်း-၁၃၀၂ စတုရန်းပေ အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူ (၁) ဦးတင်အောင်ဝင်း[၅/မရန(နိုင်)၀၁၆၁၀၀]၊ (၂) ဦးလှိုင်ဖြိုးကျော်[၅/မရန(နိုင်)၂၁၈၆၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စန္ဒာစိုး၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၃၇/၂၀၁၂)**
**အမှတ်(၅၅/၁၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၉၅၃၂၀**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၉၆၁/ခ)၊ အကျယ်အဝန်း (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတ မြို့နယ်၊ (၉)ရပ်ကွက်၊ နဝရတ်လမ်းကျယ်၊ အမှတ် (၉၆၁/ခ)ဟုခေါ်တွင်သော တစ်ထပ်ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးစည်သူကျော်[၁၂/ကတတ(နိုင်) ၀၃၂၁၅၅]အမည်ဖြင့် မှတ်သားတည်ရှိနေပြီး ၎င်းထံမှ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိ၍ အထူးကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ်(၁၅၀၀၈/၂၀၂၃)ရယူထားသူ ဦးစန်းမောင် [၁၂/သကတ (နိုင်) ၀၅၃၁၈၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မာဆွေ LL.M၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၉၈)**
**တိုက်အမှတ်-၉/၁၁၊ ပထမထပ်၊ အခန်းအမှတ်(၁၀၃ A+B)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၀၃၈၉၇၄**

### ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေးမြောက်၊ လူနေရပ်ကွက်အမှတ် - မြယမုံ၊ မြေကွက်အမှတ်-(၁၀၁)၊ မြေဧရိယာ-(၀.၃၃၅)ဧက ဦးစိုးအောင်အမည်ပေါက် ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ (၅)ထပ်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ယင်းမြေကွက်နှင့် စပ်ဆက်လျက်ရှိသောမြေပို (ဘယ်/ညာ) ရှိမြေကွက်နှင့် ဘယ်ဘက်အခြမ်းရှိ မြေပိုပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦတစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး (မြေတစ်ကွက်လုံး စုစုပေါင်းဧရိယာ-၁.၄ ဧက) ခန့်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အားလုံးတို့အား ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ကြီးပွားရေးမြောက်၊ လူနေရပ်ကွက်အမှတ်- မြယမုံ၊ မြေကွက်အမှတ် - (၁၀၁)၊ မြေဧရိယာ - (၀.၃၃၅) ဧက ဦးစိုးအောင် အမည်ပေါက်ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ (၅) ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ယင်းမြေကွက်နှင့် စပ်ဆက်လျက်ရှိသောမြေပို (ဘယ်/ညာ) ရှိမြေကွက်နှင့် ဘယ်ဘက်အခြမ်းရှိ မြေပိုပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦတစ်လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး (မြေတစ်ကွက်လုံးစုစုပေါင်းဧရိယာ - ၁.၄ ဧက) ခန့်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အားလုံးတို့ကို ဦးစိုးအောင် [၁၂/တမန(နိုင်) ၀၅၁၈၀၈] ထံမှ ဦးဖြိုးမင်းဟိန်းထက် [၁၃/တကန (ဧည့်) ၀၀၂၀၈၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိခဲ့ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | | |
|---|---|---|
| **ဒေါ်မိုးမိုးအေး** | **ဒေါ်မို့မို့ထွင်း** | **ဒေါ်နန်းရည်မွန်ဦး** |
| **LL.B, D.B.L, D.M.L, D.C.W.E** | **LLB, D.B.L, D.I.P.L** | **LL.B, D.B.L, D.I.L** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၅၅၈)** | **(စဉ်-၁၂၀၆၄)** | **(စဉ်-၁၆၅၇၅)** |
| **ဒေါ်မြတ်ကေခိုင်** | **ဒေါ်ဝင်းရတနာလှိုင်** | **ဒေါ်ခိုင်သန္တာလွင်** |
| **LL.B, D.B.L, D.I.L** | **LL.B** | **LLB, D.B.L, M.A (Business Law)** |
| **`တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၇၆၄၆)** | **(စဉ်-၁၉၀၀၆)** | **(စဉ်-၅၁၈၂၃)** |

**အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၅၃၅၈၂၇၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ စမ်းချောင်း Garden Residence, အမှတ်–၁၀၄/M–၁၂၁၂ နေ အဖ ဦးညီညီသဲမောင်၏ သားဖြစ်သူ ဦးဝေလျှံအောင် (ခ) ဦးစိုပြေညီညီသဲမောင် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် [၁၄/မမန(နိုင်) ၂၄၂၇၂၇] ကိုင်ဆောင်သူ မြန်မာဗုဒ္ဓဘာသာ ကိုးကွယ်သူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ဦးစိုပြေညီညီသဲမောင် အမည်တစ်မျိုးတည်းပါရှိသော်လည်း ဦးဝေလျှံအောင်(ခ) ဦးစိုပြေညီညီသဲမောင် အမည်နှစ်မျိုးလုံးမှာ တစ်ဦးတည်း ဖြစ်ကြောင်း (၁၁–၃–၂၀၂၄) ရက်နေ့တွင် ကျမ်းကျိန်ဆို၍ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ နောင်တွင်လည်း ဦးဝေလျှံအောင် (ခ) ဦးစိုပြေညီညီသဲမောင် အမည်နှစ်မျိုးလုံးကို ခေါ်ဝေါ်သုံးစွဲသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိမြတ်** **ဒေါ်ဇင်ဝတ်ရည်ဖြိုး**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်–၁၃၃၇၀) (အထက်တန်းရှေ့နေ)(စဉ်–၅၃၆၄၄)**
**အမှတ်(၁၅/၁)၊ ယန္တယားရိပ်သာ၊ ဘောဂဗလလမ်း၊ (င) ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၃၀၈၁၅၆၆ ၊ ၀၉–၇၉၉၇၄၉၂၅၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၂) လမ်းသွယ် (၁)လမ်း၊ အမှတ်–၁၇ (မြေညီ)(ခေါင်းရင်းခန်း) တိုက်ခန်းနှင့် အကျိုးခံစားခွင့် အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့် ရှိသူများဖြစ်ကြသော ဦးလှတင် [၆/ကစန (နိုင်) ၀၄၄၆၀၃] နှင့် ဒေါ်သင်းသင်းနွယ် [၆/ကစန(နိုင်) ၀၄၄၇၆၁] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးမင်းမင်း [၁၄/လမန(နိုင်) ၀၇၈၆၉၇] နှင့် ဒေါ်နန်းမေဘယ်(လ်)ချစ်ထွန်း [၁၂/ရပသ(နိုင်)၀၀၇၂၂၈] တို့မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ တိုက်ခန်းပိုင်ဆိုင်ခွင့်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းမင်း+ဒေါ်နန်းမေဘယ်(လ်)ချစ်ထွန်းတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးအေးသန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၅၀/၁၃–၉–၂၀၁၂)**
**အမှတ်–၁၁(ပ–ထပ်)၊ ဝေဠုဝန်(၂)လမ်း၊ ၁၀/တောင်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၅၀၆ ၁၀၅၃၊ ၀၉–၇၇၁၀၀၉၀၈၆**

## "ကန့်ကွက်နိုင်ပါသည် "

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၆၄)ရပ်ကွက်၊ ချင်းတွင်းလမ်း၊ အမှတ်(၂၀/က)ဟု မှတ်သားတည်ရှိသော ဦးသိန်းဆောင် (CJ–၀၀၉၃၁၇) အမည်ပေါက် ပေ(၂၀x၄၃)အကျယ်အဝန်းရှိသည့် ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဦးညီညီလွင် [၁၂/တမန(နိုင်)၀၃၃၇၁၈]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ထိုအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသည့် မည်သူမဆို ခိုင်လုံသောစာမှတ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသူရိန်ကျော်(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ (စဉ်–၅၂၃၄၅)**
**အမှတ်(၆၈၂)၊ ရွှေဝါထွန်းလမ်း၊ ၆၈–ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၀၇၉၀၀၆၁၆၊ ၀၉–၄၅၇၃၉၈၂၂၇**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ လူနေရပ်ကွက်အမှတ် (၈)၊ ဘောဂပန်းခြံ (၁)လမ်း၊ မြေကွက်အမှတ်– ၁၁၆(ခ)၊ အကျယ် ပေ(၂၀x၆၀)ရှိ ဦးစိုးဝင်း အမည်ပေါက် မြေငှားစာချုပ် ထွက်ရှိထားသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးအစုံပါ အိမ်မြေအကျိုးခံစားခွင့် အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဖခင် ဦးစိုးဝင်း [၁၂/ဒပန(နိုင်) ၀၀၅၀၆၅] ကိုင်ဆောင်သူနှင့် မိခင် ဒေါ်သန်းသန်းအေး [၁၂/ဒပန(နိုင်)၀၀၅၀၄၇] ကိုင်ဆောင်သူတို့ထံမှ ၎င်းတို့၏သမီး အရင်းဖြစ်သူ ဒေါ်မော်မော်အေး [၁၂/ရပသ (နိုင်) ၀၅၇၄၀၇] ကိုင်ဆောင်သူမှ (၁၀–၃–၂၀၂၄)ရက်စွဲပါ "မြေနှင့်အိမ် အပြီးအပိုင် လွှဲပြောင်းရောင်းချခြင်း ကတိစာချုပ်"အား ချုပ်ဆို၍ ကာလတန်ဖိုးငွေ အပြည့်အဝပေးချေကာ အပြီးအပိုင်လွှဲပြောင်းဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မော်မော်အေး**
**[၁၂/ရပသ(နိုင်)၀၅၇၄၀၇]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသန္တာစိုး( LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၁၈၀)**
**အမှတ်– ၂၀၄(က)၊ ဗိုလ်အောင်ကျော်လမ်း၊**
**(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း– ၀၉–၄၂၀၂၀၄၆၅၄**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (ခ)၊ မြရတနာ(၄)လမ်း၊ မြေကွက်အမှတ် (၃၂၁ ဦ)၊ ဦးစိုးမြင့်၊ ဦးမောင်စိန် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်းပါ မြေအကျယ် (၂၀x၆၀)ပေရှိ မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်စိန်(ဘ)ဦးမာမကဲ[၉/မထလ(နိုင်)၀၄၁၆၉၄]၊ အမည်ပေါက် ဦးစိုးမြင့်၏ သမီး ဒေါ်နီလာစိုး (ဘ) ဦးစိုးမြင့် [၁၂/ဥကမ(နိုင်)၀၂၃၂၅၄]၊ ဒေါ်ဖြူမာစိုး (ဘ) ဦးစိုးမြင့် [၁၂/ဥကမ(နိုင်)၂၇၂၈၉၁]တို့ထံမှ ဦးစန်းမြင့်(ခ) ဦးခင်သန်း[၁၂/ဥကမ (နိုင်)၀၁၂၆၁၈]မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံခဲ့ပါသဖြင့် ဦးမျိုးဝင်း[၁၂/ဥကမ(နိုင်) ၀၃၈၁၂၅]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာ ပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့် တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမျိုးဝင်း**

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိမိုးသူ(LL.B, DBL,WIPO)** — **ဦးခွန်ရဲမာန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၉၉၅)** — **အထက်တန်းရှေ့နေ (စဉ်–၅၁၁၉၁)**
**အမှတ်(၇၄၈)၊ နှင်းဆီ(၂)လမ်း၊ (၄)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း– ၀၉–၇၉၅၄၀၇၈၆၁၊ ၀၉–၄၃၀၈၉၄၆၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅)၊ သရေခေတ္တရာလမ်း၊ မြေကွက်အမှတ်– ၉၅၁(ခ) အကျယ် (၂၀x၆၀) ပေ စတုရန်းပေ (၁၂၀၀)ရှိ ဦးမြင့်စိန် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက် နှင့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ၃ ထပ် RC လုံးချင်းနေအိမ် အပါအဝင် ရေမီးအပြည့်အစုံ ယင်းနှင့်ပတ်သက်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဒေါ်နွဲ့နွဲ့အေး [၁၂/ဥကမ(နိုင်)၀၁၇၆၁၈]မှ တရားဝင် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ် ဦးအောင်ကြီး [၇/ပတန(နိုင်) ၀၀၄၄၃၉]က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါ သည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေ နှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကြီး**
**၀၉–၄၂၀၀၈၉၁၀၁**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင် ရပ်ကွက်၊ သလ္လာဝတီ (၂) လမ်း ၊ အမှတ်–၁၅၇၇/ကနေ မအေးသန္တာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

